မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၂၆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။(အောက်ပုံ)

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

- ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ရင် အဲဒီပြည်ထောင်စုနယ်မြေရဲ့ အုပ်ချုပ်မှုအာဏာနဲ့စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့အုပ်ချုပ်မှုအောက်မှာမထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ထားရှိသွားမှာဖြစ်တယ်။ ဒါပေမယ့် အဲဒီ ပြည်ထောင်စုနယ်မြေတွေ အတွက် ဥပဒေတွေကို နိုင်ငံတော်သမ္မတကသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ခန့်အပ်ထားတဲ့ အုပ်ချုပ်မှုကောင်စီကသော်လည်းကောင်း ပြဋ္ဌာန်းပိုင်ခွင့်မရှိဘူး။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှ ဥပဒေတွေအတိုင်းသာ ပြည်ထောင်စုနယ်မြေတွေက လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်တယ်။ ဒါဟာ ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးကို အပြန်အလှန် ထိန်းညှိပေးထားတဲ့ အနှစ်သာရပါပဲ။
- ပြည်ထောင်စုနယ်မြေတွေဟာ ဥပဒေပြုခွင့်အရ ပြည်ထောင်စုလွှတ်တော်ရဲ့ဥပဒေပြဋ္ဌာန်းမှုအောက်မှာ တိုက်ရိုက်တည်ရှိပြီး အုပ်ချုပ်မှုအရ နိုင်ငံတော်သမ္မတရဲ့တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ တည်ရှိနေတာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ ပြည်ထောင်စုနယ်မြေတွေမှာ သက်ရောက်မှာမဟုတ်ဘူး။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၁၂)ဆောင်းပါး(စာ ၈ နှင့် ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဖွံ့ဖြိုးတိုးတက်တည်တံ့ရေး ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းထိန်းသိမ်းဆောင်ရွက်

တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်ကို မည်သည့်ခေတ်ကာလများနှင့်မျှမတူဘဲ နိုင်ငံတော်၏ တစ်နံတစ်လျား ကွက်လပ်မကျန်ရအောင် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် လမ်းခင်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။

တစ်ဖက်ကလည်း နိုင်ငံတော်၏သဘာဝသယံဇာတများ ရေရှည်တည်တံ့နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းကာ ကာကွယ်ထိန်းသိမ်းပေးနေသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်စသည့် သဘာဝထိန်းသိမ်းရေးနယ်မြေပေါင်း ၄၁ ခုကို ထူထောင်ပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်များကိုလည်း တိုးချဲ့တည်ထောင်ပေးခဲ့သည်။ ၁၉၀၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်တိုင် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ နှစ်(၁၀၀)သက်တမ်းအတွင်း ခေတ်အဆက်ဆက် တိုးတက်အောင် အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါတိရစ္ဆာန်ဥယျာဉ် မုခ်ဦးအနီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်-

"နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် နိုင်ငံ့တာဝန်၊ လူမှုရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် တိရစ္ဆာန် ဥယျာဉ်များ၊ အပန်းဖြေရာ ပန်းခြံများ တိုးတက်တည်ထောင်သည့်အပြင် သမိုင်းကြောင်းရှည်လျားစွာတည်ရှိခဲ့သည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ကိုလည်း ဘက်စုံအဆင့်မြှင့်တင်ရေးအတွက် စီမံချက်ချ အကောင်အထည်ဖော်ဆောင် ရွက်ပေးခဲ့ကြောင်း"

ပြောကြားသွားသည်။

ကမ္ဘာပေါ်တွင် သဘာဝ၏ ထူးခြားစွာဖန်တီးပေးမှုကြောင့် သက်ရှိနှင့်သက်မဲ့၊ လူနှင့်တိရစ္ဆာန် ဒွန်တွဲဖြစ်ပေါ်ကာ အပြန်အလှန်အကျိုးပြု ဖြစ်တည်ခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့အထိတိုင်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်များ၏ ဖြစ်တည်မှုကိုလေ့လာကြည့်ပါက တိရစ္ဆာန်များကို လူအများကြည့်ရှုနိုင်အောင် လေ့ကျင့်ပြသမှုများသည် ရောမခေတ်က စတင်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းမှတစ်ဆင့် ဥရောပနိုင်ငံများ၌ တိရစ္ဆာန်ဥယျာဉ်များ စတင်ထူထောင်ရန် ကြံစည်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် အနောက်ဥရောပ၊ လန်ဒန် တိရစ္ဆာန်ဥယျာဉ်အဖွဲ့ကို ၁၈၂၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

၁၈၅၀ ပြည့်နှစ်နောက်ပိုင်းတွင် လူထုအပန်းဖြေရန်၊ ပညာပေးရန်၊ သိပ္ပံနှင့်သုတေသန ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ်များ ကမ္ဘာနှင့်အဝန်း တည်ထောင်လာခဲ့ကြောင်း တွေ့ရှိရသည်။ တစ်နေ့ထက်တစ်နေ့ နည်းပညာတိုးတက်မြင့်မားလာသည်နှင့်အညီ တိရစ္ဆာန်ဥယျာဉ်များကိုလည်း အခြေခံအဆောက်အအုံမှသည် တိရစ္ဆာန်လိမ္မာများပြသနိုင်သည်အထိ စီးပွားဖြစ်ဆောင်ရွက်လာသည်ကို တွေ့ရှိ ရသည်။

ယခုအခါတစ်ကမ္ဘာလုံးတွင် တိရစ္ဆာန်ဥယျာဉ်ပေါင်း ၁၂၀၀ ခန့် တည်ထောင်ထားရှိကြောင်းနှင့် အာရှတိုက်တွင် ထက်ဝက်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။ နှစ်(၁၀၀)ပြည့် တိရစ္ဆာန်ဥယျာဉ် မြန်မာနိုင်ငံတွင် ထူးထူးခြားခြားတည်ရှိနေသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူကြရမည် ဖြစ်သည်။

ယခုအခါ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် တိရစ္ဆာန်အမျိုးပေါင်း ၁၅၀ ခန့်၊ အရေအတွက် ၁၀၀၀ ကျော်အထိ တိုးတက်ထိန်းသိမ်းထားရှိနိုင်သကဲ့သို့ ဥယျာဉ်ကို ပန်းဥယျာဉ်ကြီးသဖွယ် လှပစွာ တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ သဘာဝအလှအပနှင့် ပသာဒစုံလှသည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်ကြည့်ရှုအပန်းဖြေသူများလည်း တိုးတက်များပြားလာလျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လာရောက်အပန်းဖြေသူ ၁၁ သိန်းခန့်မှ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း သိန်း ၂၀ ခန့် အထိ တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အား နှစ် (၁၀၀) မှသည် နောင်ကမ္ဘာတည်သည့်တိုင် အဓွန့်ရှည်စွာ ဖွံ့ဖြိုးတိုးတက်တည်တံ့နိုင်စေရေးအတွက် တာဝန်ရှိသူအသီးသီးနှင့် လေ့လာအပန်းဖြေသူ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ ကာတွန်းအစီအစဉ် **"ပါကဲ့"** (အပိုင်း -၇)
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း- ၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း၊အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးဇော်ဝင်း	ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ခ) ဦးအောင်စောဝင်း	ညွှန်ကြားရေးမှူးချုပ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ဂ) ဦးထွန်းအောင်	ကျောင်းအုပ်ကြီး ရေနံချောင်း ဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၆

ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကကြီးမှူးပြီး မြို့နယ်ဓမ္မာရုံကြီးတွင် ဆဋ္ဌမအကြိမ် ဓမ္မပူဇာသဘင်၌ ဖေဖော်ဝါရီ ၁ ရက်တွင်ဘဒ္ဒန္တအင်္ဂိသ (ပါဠိကာရီဆရာတော်)၊ ၂ ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၃ ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ၄ ရက်တွင် ဘဒ္ဒန္တကောသလ္လ (မိုးကုတ်ဝိပဿနာ)၊ ၅ ရက်တွင် ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည် ဆရာတော်)၊ ၆ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၊ ၇ ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)၊ ၈ ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၊ ၉ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြယ်တစ်ပွင့်)၊ ၁၀ ရက်တွင် ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ (န-ပ-သ) တို့က နေ့စဉ် ညနေ ၆ နာရီမှ စတင်၍ ၁၀ ရက်တိုင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၅ ခုနှစ်သည် သတင်းစာဆရာများ အသေအပျောက်အများဆုံးနှစ်ဖြစ်ဟုဆို

ဘရပ်ဆဲလ် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ်သည် သတင်းစာဆရာများသေဆုံးမှုမှာ စံချိန်တင်ခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်မှုများကြောင့် ယင်းကဲ့သို့စံချိန်တင်မြင့်မားခဲ့ကြောင်း နိုင်ငံတကာသတင်းစာဆရာများအသင်းက ဇန်နဝါရီ ၂၃ရက်၌ ပြောကြားသည်။

အနည်းဆုံး သတင်းစာဆရာ ၈၉ဦး တာဝန်ထမ်းဆောင်ရင်းအသတ်ခံခဲ့ရကြောင်း၊ ၂၀၀၅ခုနှစ်တွင် သေဆုံးသူ အရေအတွက် ၁၅၀ရှိကြောင်း အဆိုပါသတင်းစာအသင်းက ပြောကြားသည်။

အဆိုးရွားဆုံး

အထူးသဖြင့် သတင်းစာဆရာများသေဆုံးမှုသည် အရှေ့အလယ်ပိုင်းတွင် ၃၈ဦးရှိရာ ၃၅ဦးမှာ အီရတ်၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနိုင်ငံသည် ကမ္ဘာတွင် အဆိုးရွားဆုံး သတင်းထောက်များသေဆုံးရာ ဒေသဖြစ်ကြောင်း အဆိုပါအဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်

အီရတ်တွင် သေဆုံးသော သတင်းစာဆရာ၃၅ဦးရှိရာ၌ ငါးဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များသေနတ်ဖြင့် ပစ်ခတ်၍ သေဆုံးခဲ့ရကြောင်း၊ ယင်း ငါးဦးအနက် ရိုက်တာသတင်းထောက် ဆောင်းမင်းဝါလီခါလက်လည်း ပါဝင်ကြောင်းသိရသည်။ အာရှပစိဖိတ်ဒေသတွင် ဖိလစ်ပိုင်နိုင်ငံသည် သတင်းစာဆရာများအတွက် အန္တရာယ်အများဆုံး နိုင်ငံဖြစ်ကြောင်း၊ ၁၀ဦး လုပ်ကြံသတ်ဖြတ်ခံရကြောင်း၊ ကိုလံဘီယာ၊ ဟေတီ၊ မက္ကဆီကိုနှင့် ဘရာဇီးတို့တွင် ၁၂ဦးသေဆုံးခဲ့ကြောင်း အဆိုပါ နိုင်ငံတကာ သတင်းစာဆရာများအသင်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗင်နွာတူနိုင်ငံ၌ မြေငလျင်လှုပ် ဆူနာမီဖြစ်ပေါ်နိုင်ကြောင်းသတိပေး

ကင်ဘာရာ ဇန်နဝါရီ ၂၆

တောင်ပစိဖိတ် ကျွန်းနိုင်ငံ ဖြစ်သည့် ဗင်နွာတူနိုင်ငံတွင် ဇန်နဝါရီ ၂၃ရက် တနင်္လာနေ့က ရစ်ချ်တာစကေး ၆ဒသမ၂ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း သိရသည်။

ဗင်နွာတူနိုင်ငံ ပို့ဗီလာမြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၇၀အကွာ ပင်လယ်ရေမျက်နှာပြင်အောက် ၃၃ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အဆိုပါ မြေငလျင်လှုပ်သွားခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ဘူမိတိုင်းတာရေး ဝက်ဘ်ဆိုက်က သတင်းထုတ်ပြန်သည်။

သတိပေးထုတ်ပြန်

လူဦးရေ နှစ်သိန်းရှိပြီး ဧရိယာအကျယ်အဝန်း စတုရန်းကီလိုမီတာ ၁၂၂၉၀ရှိသော ဗင်နွာတူနိုင်ငံတွင် အဆိုပါ ငလျင်ကြောင့် တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

သို့သော်လည်း ဟိုနိုလူလူ အခြေစိုက် ပစိဖိတ်ဆူနာမီ သတိပေးဌာနက ငလျင်ဗဟိုနှင့် ကီလိုမီတာ ၁၀၀ ခန့် ဧရိယာအတွင်း ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြစိန်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်၊အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဦးလှမြင့်နှင့်အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

ယနေ့ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်ကဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၈ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသား ညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းသုံးပိုင်းခွဲ၍ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းက ဖတ်ကြားတင်ပြသည်။

(ဦးကြည်ဝင်း၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက ဖတ်ကြားတင်ပြသည်။

(ဦးတင်ဝင်း၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်က ဖတ်ကြားတင်ပြသည်။

(ဦးသိမ်းကြည်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ရခိုင်ပြည်နယ်မှ ဦးထွန်းသွေးကဖတ်ကြားတင်ပြသည်။

(ဦးထွန်းသွေး၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ ရန်ကုန်တိုင်းမှ ဒေါ်ခင်အေးမော်က ဖတ်ကြားတင်ပြသည်။

(ဒေါ်ခင်အေးမော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒေါ်တင်တင်အုန်းက ဖတ်ကြားတင်ပြသည်။

(ဒေါ်တင်တင်အုန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ မန္တလေးတိုင်းမှ ဦးသိန်းထွန်းကဖတ်ကြားတင်ပြသည်။

(ဦးသိန်းထွန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်
၂၇-၁-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း-၁)
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	Myanmar Video Rhythm
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ကျွန်းအထူးစိုက်ခင်း
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း-၃)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	Video Magazine (Part-2)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	အာဟာရ ပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	မော်ကွန်းစာကိုး ပြည့်တန်ဖိုး
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	လိပ်ပုတ်သင်ညို (Big Headed Turtle)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ကာယဗလမောင်မယ်ပြိုင်ပွဲ
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	Learning English(cars)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	အင်းတကော်သုတေသနနှင့် မျိုးပွားခြံ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

❐ *ကျောဖုံးမှ*

ကာလိကျေးရွာသည်တောင်ကြီး–ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိသည်။ ကာလိကျေးရွာမှ ကာလိ–ကျိုင်းတုံ–တာချီလိတ် ခရီးသို့ လည်းကောင်း၊ ကာလိ–ကွန်ဟိန်းနှင့် ကာလိ–တောင်ကြီးသို့ လည်းကောင်း ယာဉ်ငယ်လိုင်းများသည် ယာဉ်အစီး ၃၀ခန့်ဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ကာလိ စည်ပင်သာယာဈေးသည် ဈေးဆိုင်ခန်းပေါင်း ၃၉၄ ခန်းရှိပြီး ဒေသထွက်ကုန် သီးနှံများနှင့် လူသုံးကုန် ပစ္စည်းမျိုးစုံကို ပတ်ဝန်းကျင်ရွာပေါင်း ၄၀ ကျော်မှ နေ့စဉ်လာရောက် ရောင်းဝယ်ဖောက်ကားကြကြောင်း တွေ့ရှိရသည်။ ထို့ပြင် ကာလိစံပြကျေးရွာရှိ တယ်လီဖုန်း ဆက်သွယ်ရေးစခန်းသည်လည်း အနယ်နယ်အရပ်ရပ်သို့ဆက်သွယ်နိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဒေသခံ တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းကြိုးပမ်းမှုကြောင့် ကာလိကျေးရွာသည် တည်ငြိမ်အေးချမ်းပြီး ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာသဖြင့် စံပြကျေးရွာအဖြစ် အသိအမှတ်ပြုကာ စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၄ ရက် နံနက် ၉ နာရီတွင် ကာလိကျေးရွာ စည်ပင်သာယာဈေးလမ်းမပေါ်၌ ကျင်းပခဲ့သည်။ အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးတို့က ကာလိစံပြကျေးရွာ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဆက်လက်၍ ကာလိစံပြကျေးရွာပြည်သူလူထုအား ဇီဝလောင်စာ ခြံစည်းရိုး ကြက်ဆူဆီ ဖြင့် ထော်လာဂျီမောင်းနှင်သရုပ်ပြပြီး မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာတို့က ခြံစည်းရိုး ကြက်ဆူပင်များ စနစ်တကျ စိုက်ပျိုးရေးအတွက် ရှင်းလင်းဆွေးနွေးကြရာ ကျေးရွာလူထုက စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စံပြကျေးရွာ အင်္ဂါရပ်နှင့်အညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်ထားသည့် ကာလိ ကျေးရွာစာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ပြုလုပ်ရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းနွတ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းငွေဒွေးနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှတို့က သုတရသစာအုပ် ၁၀၀ စီကို ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကာလိစံပြကျေးရွာ၏ ပညာရည်တိုးတက်မြင့်မားရေးအတွက် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက ကာလိကျေးရွာသည် စံပြကျေးရွာအင်္ဂါရပ်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေနှင့် မြို့ပြအဆင့်အထိ ဆက်လက်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားပြီး အလှူရှင် ၁၇ဦးတို့က အလှူငွေကျပ် ၂၂ သိန်းကို ပေးအပ် လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဦးလှရှိန်က လက်ခံသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် ကျေးရွာဥက္ကဋ္ဌက ကာလိစံပြကျေးရွာအဖြစ်တည်ဆောက်ကြိုးပမ်းခဲ့မှုနှင့် ဒေသတည်ငြိမ်အေးချမ်းမှု အကျိုးရလဒ်ကောင်းများရရှိမှုကြောင့် ပြည်သူများမျက်စိပွင့် အမြင်ကျယ်လာပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မပြတ်စေဘဲ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်ကို အလျားပေ ၁၇၀၊ အနံပေ ၃၀ ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သွားမည်ဖြစ်သည်။ ကာလိကျေးရွာသည် ယခင် မူလတန်းကျောင်းတစ်ကျောင်းသာရှိခဲ့ပြီး ယခုအခါ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်း တိုးတက်လာခဲ့သည်။ ယခင်စာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈ ဦး အောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရသူပင်ရှိခဲ့သည်။ ကျေးရွာ၌ဘွဲ့ရလူငယ် ၈၀ ခန့်ရှိကြောင်း သိရသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ

ထို့နောက် လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကာလိစံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသူတို့ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဒွေးနှင့် အဖွဲ့ဝင်များက အမျိုးသမီးရေးရာအဖွဲ့အကြောင်းနှင့် လူကုန်ကူးမှုမှ ကာကွယ်ရေး၊ အမျိုးသမီးများအကြမ်းဖက်မှုမှကာကွယ်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ကာလိစံပြကျေးရွာသည် အိမ်ခြေ ၁၄၉၂ အိမ်ရှိပြီး လူဦးရေ ၇၁၀၁ ဦး နေထိုင်လျက်ရှိသည်။ ခေတ်မီ နေအိမ်အဆောက်အအုံများဖြင့် တိုးတက်လာခဲ့ပြီး ကျေးလက်ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုက်နယ်ဆေးရုံတစ်ရုံရှိသည်။ ကာလိစံပြကျေးရွာဖွင့်ပွဲသို့ လိုက်ပါလာသော လွိုင်လင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှ အထူးကုဆရာဝန်အဖွဲ့သည် ကာလိကျေးရွာ တိုက်နယ်ဆေးရုံ၌ လူနာပေါင်း ၂၁၇ ဦးအား အခမဲ့ ဆေးဝါးကုသပေးခဲ့ကြသည်။ ယင်းအခမ်းအနားများသို့ ကျေးရွာ လူထုအင်အား ၂၀၀၀ ခန့် တက်ရောက်ကြသည်။

နမ့်ပန်ချောင်းကို ဖြတ်ကူးဆောက်လုပ်ထားသည့် ကွန်ဟိန်းတံတားနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဆက်စပ်လျက်ရှိသည့် သံလွင်မြစ်ကူးတာကော်တံတားသည် ကာလိစံပြ ကျေးရွာဒေသ၌ ထင်ရှားသည့် တံတားများဖြစ်သည်။

ဇန်နဝါရီ၂၆ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကွန်ဟိန်းမြို့နယ်သည် ရေအားလျှပ်စစ်ကို အဓိကအသုံးပြုလျက်ရှိကြပြီး ကိုယ်ပိုင်မီးစက်များလည်း ထားရှိအသုံးပြုကြကြောင်း တွေ့ရှိရသည်။ ရေအားလျှပ်စစ် ၁၂၅ကီလိုဝပ်တစ်လုံး၊ ၂၁၉ ကီလိုဝပ်တစ်လုံး တည်ဆောက်ထားရှိပြီး ကာလိကျေးရွာ၌ တစ်ကီလိုခွဲနှင့် နှစ်ကီလိုရှိ ကိုယ်ပိုင်ရေအားလျှပ်စစ်တာဘိုင်စက်အလုံး၂၀ဖြင့်လည်းကောင်း၊ ကိုယ်ပိုင် မီးစက်များဖြင့်လည်းကောင်း၊ အိမ်မီး၊ လမ်းမီးများ သုံးစွဲလျက်ရှိသည်။ ကာလိစံပြကျေးရွာ၌ ဂြိုဟ်တုစလောင်းသာမကရုပ်မြင်သံကြားပြစက်အလုံး ၃၀၀ ကျော်ခန့်ရှိကြောင်း တွေ့ရှိရသည်။

ကွန်ဟိန်းမြို့နယ်သည်ဒေသဝမ်းစာဖူလုံမှု ၁၀၂ ဒသမ ၃၃ ရာခိုင်နှုန်းရှိသဖြင့် ဆန်စပါးဖူလုံသည့်အပြင် စားသုံးဆီလည်းဖူလုံသည်။ ကာလိစံပြကျေးရွာ၌ ဆန်စက်၊ ဆီစက်များရှိပြီး ဆန်၊ဆီဖူလုံပိုလျှံသည့် ကျေးရွာဖြစ်သည်။ ထို့ပြင် ကာလိစံပြကျေးရွာ၌ ပဲပုတ်၊ မြေပဲနှင့် လက်ဖက်ခြောက်အများဆုံး ထွက်ရှိပြီး နှစ်ရှည်သီးပင်များ စိုက်ပျိုးလျက်ရှိရာ လိမ္မော်၊ ကြံ၊ လိုက်ချီး၊ သရက်၊ နာနတ်စသည့် သီးပင်များအပြင် ယခုအခါ ခြံစည်းရိုးကြက်ဆူပင် ၂၉၈ ဒသမ ၁၂ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ ကာလိစံပြကျေးရွာ၌ နွား၊ကျွဲ၊ ဝက်နှင့် ငါးမွေးမြူရေးကန်များဖြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။ ကာလိစံပြကျေးရွာပတ်ဝန်းကျင်၌ ကျေးရွာထင်းစိုက်ခင်းများကိုလည်း စနစ်တကျ စိုက်ပျိုးထားရှိကြောင်း တွေ့ရှိရသည်။

ကွန်ဟိန်းမြို့နယ်သည် ရှမ်း၊ လားဟူ၊ ပလောင် တိုင်းရင်းသားများ နေထိုင်ကြပြီး ဘာသာ သာသနာ ထွန်းကားသည့် မြို့နယ်ဖြစ်သည်။

မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်

ကွန်ဟိန်းမြို့နယ်ရှိ ကာလိစံပြကျေးရွာသည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားလာခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေဖူလုံခြင်း၊ စီးပွားရေး တိုးတက်ကောင်းမွန်ခြင်း စသည့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စံပြကျေးရွာအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီး ယခုအခါ မြို့ပြနှင့်မခြား ခေတ်မီ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့မြင်နေရပြီဖြစ်သည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ဒုတိယနေ့ အပန်းဖြေလာရောက်လေ့လာကြည့်ရှုကြသူများဖြင့်စည်ကားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဒုတိယနေ့ဖြစ်သော ယနေ့တွင် နံနက်ပိုင်းမှ စတင်လျက် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သိကောင်းစရာများ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြခန်းတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ သမိုင်းအကျဉ်းချုပ်၊ ခေတ်အဆက်ဆက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အား ကြီးကြပ်ဆောင်ရွက်မှုများ၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အကြောင်းသိကောင်းစရာများ၊ တိုးတက်ဖြစ်ထွန်းလာသော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ထူးခြားသော ကျေးငှက်တိရစ္ဆာန်များကို ဖော်ပြထားသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက် ကြည့်ရှုကြသူများသည် မြွေ၊ကျား၊ဆင်၊ ဝက်ဝံနှင့် စွန်ခေါင်းဖြူ စသည့် တိရစ္ဆာန်များနှင့်တွဲ၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်သည့်အပြင် တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကန်အတွင်း၌လည်း အပျော်စီးလှေများကို မိသားစုပျော်ရွှင်စွာ စီးနင်းနိုင်ရန် ဆောင်ရွက်ထားရှိသည်။

တိရစ္ဆာန်လိမ္မာပြပွဲနှင့် စင်တင်တေးဂီတပွဲများကိုလည်း ပြည်သူများ အခမဲ့ ကြည့်ရှုနိုင်ရန် စီစဉ် ဆောင်ရွက်ထားသည်။

လာရောက်ကြည့်ရှုကြသောပြည်သူများအနေဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ကျေးငှက် တိရစ္ဆာန်မျိုးစုံတို့၏ အလှ၊ သဘာဝကို လေ့လာကြည့်ရှုနိုင်သကဲ့သို့ ရုက္ခဗေဒဆိုင်ရာ သစ်ပင် အမျိုးမျိုးတို့ကိုလည်း လေ့လာနိုင်ကြသည်။

ဖွင့်လှစ်ရောင်းချပေး

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်တွင် လာရောက်ကြည့်ရှုလေ့လာကြသူများ လွယ်လင့်တကူ ဝယ်ယူသုံးဆောင်နိုင်ရန် စားသောက်ဆိုင်နှင့် လူသုံးကုန် ပစ္စည်းဆိုင်များကိုလည်း ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကာလတွင် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီခွဲ အထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ယမန်နေ့က ပြည်သူ ၂၈၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ အပန်းဖြေပြည်သူများဖြင့် စည်ကားလျက်ရှိ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဒုတိယနေ့တွင် လာရောက် ကြည့်ရှုလေ့လာ အပန်းဖြေကြသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးကြည်ဝင်း၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးမြလှိုင်နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများအနက် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အာရှအလယ်ပိုင်းကုန်းမြေမှ မျိုးတူသွေးတူ၊ တစ်နွယ်တည်းသော မွန်ဂိုမျိုးနွယ်မှ ဆင်းသက်ခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိတို့နိုင်ငံတော်တွင် သမိုင်းမတင်မီခေတ်ကတည်းကပင် ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြပါကြောင်း၊ ယင်းတိုင်းရင်းသားများသည် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ကြကာ တစ်နိုင်ငံလုံး၏ နေရာဒေသတိုင်း၌ အတူတကွ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရောနှောလျက် အခြေချနေထိုင်ခဲ့ကြပါကြောင်း၊ ဤသို့ တစ်သွေးတည်းတစ်သားတည်းမှ ဆင်းသက်လာကြ၍ အရင်းခံအားဖြင့် တစ်မိသားစုဝင်စိတ်ဓာတ်များ မိမိတို့၏ နှလုံးသည်းပွတ်ထဲတွင် ကိန်းဝပ်စွဲငြိပြီးဖြစ်နေပါကြောင်း၊ ထိုသို့ တစ်သွေးတည်းတစ်သားတည်းသော မိသားစုများ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ခဲ့ကြရာတွင် ဗြိတိသျှနယ်ချဲ့ကိုလိုနီစနစ် ကျူးကျော်မှုကြောင့် အချုပ်အခြာအာဏာပိုင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် လွတ်လပ်ခဲ့သည့် အမိမြန်မာနိုင်ငံတော်သည် ၁၈၂၆ တွင် ရခိုင်နှင့် တနင်္သာရီတို့ကိုလည်းကောင်း၊ ၁၈၅၂ တွင် အောက်မြန်မာနိုင်ငံကိုလည်းကောင်း၊ ၁၈၈၅ နိုဝင်ဘာ ၂၉ ရက်တွင် အမိမြန်မာနိုင်ငံတစ်ခုလုံးကိုလည်းကောင်း ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ အထူးဝမ်းနည်းဖွယ်ရာ ကျရောက်ခဲ့ရပါကြောင်း၊ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသား မိသားစုအချင်းချင်း သွေးကွဲစေရန် သွေးခွဲအုပ်ချုပ်သောစနစ်(Devided and Rule)ကျင့်သုံးခဲ့ရပါကြောင်း။

သို့သော် တိုင်းရင်းသားမိသားစုအချင်းချင်း စည်းလုံးညီညွတ်ပြီး ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် နယ်ချဲ့ကိုလိုနီစနစ်ကို တော်လှန်ခဲ့ကြပါကြောင်း၊ တစ်ဖန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ခဲ့ပြီး တိုင်းပြည်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ရေးတို့အတွက် ၁၉၄၇ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ညှိနှိုင်းရေးဆွဲပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အပြီးအပိုင် လွတ်လပ်ရေးရရှိခဲ့ပါကြောင်း၊ စည်းလုံးညီညွတ်မှုရလဒ်သည် နှစ်ပေါင်း ၁၀၀ ကျော် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ကြောင်း ထင်ရှားလှသည့် သာဓကပင်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင်ကျင့်သုံးကြသည့် နိုင်ငံရေးအယူအဆ ဝါဒအမျိုးမျိုးများသည် မြန်မာနိုင်ငံကို တင်သွင်းလာသည့် သွင်းကုန်အယူဝါဒများဖြစ်၍ ယင်းတို့ကို အသုံးချတော့မည်ဆိုလျှင် ကိုယ့်တိုင်းပြည်၏ ပကတိအနေအထား၊ ပြည်သူများ ရပ်တည်နေမှုအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူနေမှုစနစ် စသည်တို့နှင့် ချိန်ထိုးလေ့လာပြီး အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ အခြေအနေအရပ်ရပ်တွင် မိမိတို့တိုင်းပြည်၏ ပကတိအခြေအနေနှင့် လိုက်လျောမှုရှိမရှိ၊ နှိုက်နှိုက်ချွတ်ချွတ်လေ့လာမှုမရှိဘဲ ကျင့်သုံးခဲ့သဖြင့် အတိတ်၏ ခါးသီးသော သမိုင်းသင်ခန်းစာများကို ရရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတစ်ဖန် မိမိတို့ ညှိနှိုင်းရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန် လိုအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒ အစသည် လွန်ခဲ့သော အေဒီ ၆၀၀ ရာစုခန့်ကတည်းက ပလေတို (PLATO)နှင့် အရစ္စတိုတယ် (ARISTOTEL) တို့က သုံးစွဲခဲ့သည့်ဝါဒဖြစ်ပါကြောင်း၊ (ပုထုဇဉ်လူသားများသည် အမှားရှိနိုင်သည်)ဆိုသည့် နိုင်ငံရေးအယူအဆအပေါ်တွင် မှီတည်ပြီး ပေါက်ဖွားလာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် Rule by Law ဖြစ်ရပါမည်၊ Rule by Man မဖြစ်စေရဘူးဟု ဆိုလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အစီအမံနှင့် စနစ်တကျ ပြောင်းလဲတိုးတက်သွားသည့် နိုင်ငံများသည် ဥရောပနိုင်ငံများဖြစ်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေများ မကြာခဏဖြစ်ပျက်နေကြရသည့် နိုင်ငံများသည် တတိယကမ္ဘာ့နိုင်ငံများအဆင့်မှာရှိနေသည့် နိုင်ငံများဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ ပျက်စီးတိုင်း နိုင်ငံတော် မတည်မငြိမ်ဖြစ်မှု၊ စီးပွားရေးပျက်သုဉ်းမှု၊ လူအများ သွေးထွက်သံယိုမှုများရှိနေတတ်ခြင်းကြောင့် နိုင်ငံတော်၏ တိုးတက်နေသော အရှိန်အဟုန်ကို တုံ့ဆိုင်းသွားစေခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ခုက Constitutional Changes နှင့်ပါ အပြောင်းအလဲများ ဖန်တီးနိုင်ရန် အထူးပဲ အရေးကြီးလှပါကြောင်း၊ ယင်းသို့ဖြစ်ရန် မူလကတည်းက ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲမိရန် အထူးလိုအပ်ပါကြောင်း။

ခိုင်မာသည့် အခြေခံဥပဒေသစ်တစ်ခုဖြစ်ရန်မှာလည်း ယင်းနိုင်ငံ နေထိုင်ကြသည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုလိုအပ်သကဲ့သို့ တိုင်းရင်းသားအချင်းချင်း သဘောထားအမြင်ချင်း ပေါင်းစပ်ဆွေးနွေးညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ စိတ်ထားဖြူစင်ပြီး စေတနာမှန်ကန်ကြရန် လည်းကောင်း၊ ရိုးသားပွင့်လင်းပြီး သံသယကင်းရှင်းကြစေရန် လည်းကောင်း၊ အထင်မှားအမြင်မှားမရှိကြစေရန် လည်းကောင်း၊ မိမိတို့တိုင်းပြည်နှင့် မိမိတိုင်းရင်းသားများအားလုံးအတွက် မည်သို့ဆောင်ရွက်ကြမှ အကျိုးရှိမည်ဟူ၍ လည်းကောင်း၊ အတိတ်သင်ခန်းစာများကိုရယူ၍ လည်းကောင်း၊ တိုင်းပြည်အကျိုးအတွက် အပြန်အလှန်လိုက်လျောကြရန် လည်းကောင်း အထူးလိုအပ်လှပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ထို့အတူ တိုင်းရင်းသားလူမျိုးများ၏ လိုအင်ဆန္ဒကိုလည်း သိရှိထားရန် လိုအပ်ပါကြောင်း၊ များသောအားဖြင့် တိုင်းရင်းသားများသည်–

၁။ မိမိတို့ ဘိုးစဉ်ဘောင်ဆက်ရပ်တည်ခဲ့သော လူမျိုးအစဉ်အဆက်ကို မပျောက်မပျက် ထိန်းသိမ်းလိုကြသည်။

၂။ မိမိတို့၏ဓလေ့ထုံးတမ်း ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကားနှင့် ဘာသာတရား ကိုးကွယ်မှုများကို အလွန်တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်လိုကြသည်။

၃။ နယ်မြေဒေသကို မြတ်နိုးတန်ဖိုးထားကြသည်။

၄။ အစဉ်တစိုက် ရပ်တည်နေထိုင်ခဲ့သော အစဉ်အလာနှင့် လွတ်လပ်မှုကိုလည်း ဆက်လက်ခံယူလိုကြသည်။

၅။ တန်းတူရည်တူရှိမှုနှင့် မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ မခွဲစတမ်း နေထိုင်သွားရေးနှင့် မျှတသည့် လူ့ဘောင်ဘဝကို တည်ဆောက်လိုကြသည်။

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လိုလားကြသည်။

၇။ နိုင်ငံတော်၏အသီးအပွင့်များကို မိမိတို့၏ ကာယ ဉာဏ ဝီရိယ စွမ်းအားအလိုက် အကျိုးခံစားခွင့် ရယူချင်ကြသည်။

၈။ လူမျိုးတစ်မျိုးက လူမျိုးတစ်မျိုးကိုလည်းကောင်း၊ လူမျိုးနွယ်စုအချင်းချင်းကိုလည်းကောင်း လွှမ်းမိုးခြင်း၊ အကျပ်ကိုင်ခြင်း၊ ချိုးနှိမ်ခြင်း၊ တရားမဲ့ပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်း စသည်တို့မှ ကင်းဝေးလိုကြသည်။

ယခု မိမိတို့ညှိနှိုင်းရေးဆွဲပြီး နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် အထက်ပါအချက်အလက်များ ပါ၊ မပါ လေ့လာဆန်းစစ်သည့်အခါတွင် တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ မူလအခွင့်အရေးဖြစ်သည့် မြန်မာနိုင်ငံအနှံ့ မည်သည့်ဒေသတွင်မဆို နေထိုင်နိုင်ကြခြင်း၊ တိုင်းရင်းသားလူမျိုးများ တစုတဝေးတည်းနေထိုင်သည့် နေရာများမှာလည်း သတ်မှတ်ထားသည့် အဆင့်အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသီးသီး ရရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ယခုတစ်ဖန် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးတွင်လည်း နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ပိုင်းများကိုလည်းကောင်း လစ်ဟာမှုမရှိအောင် ဆွေးနွေးတိုင်ပင်အကြံပေးကြရမည်ဖြစ်ပါကြောင်း။

ယင်းအခွင့်အရေးနှင့် တာဝန်များကို ရယူထမ်းဆောင်သည့် နေရာတွင်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို မထိခိုက်မပျက်ပြားစေရန် တိုင်းရင်းသားတစ်မျိုးချင်း၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာ၊ စာပေတို့ကိုလည်း မထိခိုက်အောင်နှင့် တရားနည်းလမ်းကျနစွာ ရယူကျင့်သုံးရန် လိုအပ်ပါကြောင်း။

နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် မြန်မာနိုင်ငံအတွင်းမှာ ရှေးပဝေသဏီကတည်းက နေထိုင်လာကြသည့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူတိုင်းသည် မူလအခွင့်အရေးတစ်ရပ်အရ နိုင်ငံသားဖြစ်ထိုက်ပါကြောင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့ကိုလည်း ဥပဒေဖြင့် ပြဋ္ဌာန်းသင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများ ဖြစ်ရပါမည်။

ထို့ကြောင့်–

“၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားများအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် အောက်ပါကဏ္ဍများကို ထည့်သွင်းဆွေးနွေးသွားရမည်ဖြစ်ပါကြောင်း။

၁။ တန်းတူညီမျှမှုအခွင့်အရေး

၂။ လွတ်လပ်မှုအခွင့်အရေး

၃။ တရားမျှတမှုအခွင့်အရေး

၄။ ကျေးကျွန်ပြုခြင်း၊ လူအရောင်းအဝယ်ပြုခြင်းဆိုင်ရာ အခွင့်အရေး

၅။ ဘာသာ သာသနာဆိုင်ရာ ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် အခွင့်အရေး

၆။ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေး

၇။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေး

၈။ စီးပွားရေးဆိုင်ရာ အခွင့်အရေး

၉။ ပြစ်မှုဆိုင်ရာ အခွင့်အရေး

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရယူနိုင်သော အခွင့်အရေး

စသည်တို့ ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေးများမှာ ဥပဒေအရာတွင် တန်းတူညီမျှမှု၊ လူမျိုးရေးအရ တန်းတူညီမျှမှု၊ ကိုးကွယ်သည့် ဘာသာအရ တန်းတူညီမျှမှု၊ ရာထူးအနိမ့်အမြင့်အရ တန်းတူညီမျှမှု၊ ဆင်းရဲချမ်းသာအရ တန်းတူညီမျှမှု၊ အဆင့်အတန်း အနိမ့်အမြင့်အရ တန်းတူညီမျှမှု၊ ယဉ်ကျေးခြင်းဆိုင်ရာ တန်းတူညီမျှမှု၊ အမျိုးသား အမျိုးသမီးဆိုင်ရာ အတန်းအစားမခွဲခြားဘဲ တန်းတူညီမျှမှုရှိသင့်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်သည့်အခါ တူညီသည့် အခွင့်အလမ်းများရှိစေသင့်ပါကြောင်း၊ သို့သော် အချို့သော တာဝန်များမှာ အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် တာဝန်များဖြစ်ခဲ့လျှင် နိုင်ငံတော်အကျိုးအတွက် အမျိုးသားများကိုသာ ရွေးချယ်ခန့်ထားသင့်ပါကြောင်း၊ အမျိုးသမီးများ၊ မိခင်များ၊ ကလေးသူငယ်များကိုလည်း ဥပဒေအရ သတ်မှတ်ပေးထားသည့် အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေသင့်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေးရှိစေရေးနှင့် စပ်လျဉ်းပြီး–

“၁။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၂။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၃။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်းရရှိစေရမည်–

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု၊

၄။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၅။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။

၆။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ”

ဟု အသေးစိတ်အခြေခံရမည့်မူများ အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးစသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားဖြန့်ဝေခွင့်၊

စာမျက်နှာ ၇ ကော်လံ ၃

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်

အမျိုးသားညီလာခံ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၆ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများအနက် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း ဖတ်ကြားတင်ပြသည့်ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်စုနှင့်တစ်စု ဓလေ့ထုံးတမ်းယဉ်ကျေးမှုနှင့် အနုပညာ၊ စကားနှင့်စာပေစသည်တို့သည် တူညီခြင်းများရှိသကဲ့သို့ မတူညီသည့် တိုင်းရင်းသားမျိုးနွယ်စုများကိုလည်း မိမိမြတ်နိုးသည့် စာပေယဉ်ကျေးမှုအနုပညာများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိစေသင့်ပါကြောင်း၊ ပညာသင်ကြားရာတွင်လည်း ပညာရေးဆိုင်ရာမူဝါဒတွေနှင့်အညီ ပညာသင်ကြားပိုင်ခွင့်များ ပေးသင့်ပါကြောင်း၊ အခြေခံပညာကို နိုင်ငံသားတိုင်း မသင်မနေရဟု ဥပဒေပြဋ္ဌာန်းထားရှိရန် အထူးပဲ လိုအပ်ပါကြောင်း၊ သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ တီထွင်ကြံဆမှု၊ စာပေနှင့်အနုပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ယဉ်ကျေးမှုကိစ္စများမှာလည်း လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့်များရှိသင့်ပါကြောင်း၊ ပညာရေးဆိုင်ရာမူဝါဒတွေနှင့်အညီ အခြေခံပညာကို မသင်မနေရ၊ အခမဲ့ပညာသင်ကြားရေးတွင် အခြားကုန်ကျစရိတ်များ ပေးဆောင်ရသည်မှာ များပြားနေခြင်းကြောင့် ကျောင်းသားမိဘများအနေဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါသေးသည်။ ၎င်းတို့ကိုမဖြစ်ပေါ်စေရန် ဥပဒေ၊ နည်းဥပဒေများဖြင့် ကာကွယ်တားဆီးပေးရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေနှင့် ပညာရည်ထူးချွန်သည့် ကျောင်းသားများကိုလည်း နိုင်ငံတော်အကျိုးအတွက် နိုင်ငံခြားသို့ပညာသင်များ စေလွှတ်ခြင်း၊ ချီးမြှင့်ထောက်ပံ့ခြင်းများ ပြုလုပ်ပေးရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

"၁။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ–

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

(ဂ) သိပ္ပံပညာ စူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီတိုးတက်အောင် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၃။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သောနိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားရှိဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"

ဟု အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများအတွက် စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင် နိုင်ငံသားတိုင်းသည် လွှတ်တော်အဆင့်ဆင့်အတွက် မိမိကိုယ်တိုင် ရွေးကောက်ခံပိုင်ခွင့်ရှိသကဲ့သို့ မဲပေးပိုင်ခွင့်လည်းရှိသင့်ပါကြောင်း၊ ထို့အတူ မိမိတို့ရွေးကောက် တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ တာဝန်ကျေပွန်မှုမရှိလျှင်လည်း ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်လည်း ပေးထားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

"၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင် မိမိတို့ နိုင်ငံတော်တွင်ကျင့်သုံးမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင်လည်း အမျိုးသားစီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံသားများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရန် လိုအပ်သကဲ့သို့ နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း စသည်များကို ရရှိအောင် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကိုလည်း နိုင်ငံတော်က အာမခံသင့်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးဆိုင်ရာအခွင့်အရေးနှင့် စပ်လျဉ်းပြီး–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

"၁။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်"

ဟု အသေးစိတ် အခြေခံရမည့်မူများချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြစ်မှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး ပြစ်မှုကျူးလွန်သူနိုင်ငံသားတစ်ဦးကို ယင်းအချိန်၌ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုစီရင်ရမည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေက သတ်မှတ်ထားသော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းလည်း မပြုစေသင့်ပါကြောင်း၊ စွပ်စွဲခံရသူ နိုင်ငံသားတစ်ဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်လည်းရှိရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရဘဲ လူတစ်ဦးကို ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်းလည်း မပြုသင့်ပါကြောင်း။

ထို့ကြောင့် ပြစ်မှုဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

"၁။ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်၊ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ၊

၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသောတရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှအပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှား စီရင်သည့်စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တစ်ဖန်ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်း မပြုရ၊

၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်၊

၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသောတရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့်အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင် နိုင်ငံသားတစ်ယောက်သည် မူလအခွင့်အရေးတစ်ရပ်ကို ထိပါးမှုရှိလာသည့်အခါတွင် ထိပါးခံရသူအနေနှင့် မိမိ၏နစ်နာဆုံးရှုံးမှုကို မြန်မြန်နှင့် ထိထိရောက်ရောက် အကာအကွယ်ရယူနိုင်ရန်လိုအပ်ပါကြောင်း၊ ယင်းကိုကာကွယ်ပေးရန် အခွင့်အာဏာပိုင်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်သူ့အခွင့်အရေးများကာကွယ်ရေးကိစ္စနှင့် လျှောက်ထားလာသည့် ကိစ္စရပ်များတွင် သင့်လျော်သည့် စာချွန်တော်အမိန့်တစ်ရပ်ကို ထုတ်ဆင့်ပေးခွင့် အာဏာရှိစေရမည်ဖြစ်ပါကြောင်း၊ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးသည့်နေရာမှာလည်း စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်တို့မှတစ်ပါး နိုင်ငံသားတို့၏ အခွင့်အရေးများတောင်းခံခွင့်ကို ရပ်ဆိုင်းမထားစေသင့်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံအတွင်းမှာနေသည်ဖြစ်စေ၊ ပြည်ပ၌နေသည်ဖြစ်စေ၊ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသောအခါ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေသင့်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များသည် တစ်ခါတစ်ရံ၌ မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်ရန်နှင့် စည်းကမ်း ကျနစွာ ထမ်းဆောင်နိုင်ရန်လိုအပ်သည့်အခါများတွင် နိုင်ငံသားများ၏အခွင့်အရေးများကို ကန့်သတ်ရန်၊ ဖျက်သိမ်းရန် လိုအပ်လာကောင်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အဲဒီအခါများမှာ ဥပဒေပြဋ္ဌာန်းပြီးမှ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းများပြုသင့်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့်အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

"၁။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။

၂။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည်–

(က) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(ခ) အာဏာပေးစာချွန်တော်အမိန့်၊

(ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊

(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(င) အမှုခေါ် စာချွန်တော်အမိန့်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့အပ်နှင်းသည့် စာချွန်တော် အမိန့်များထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုးသက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ်(၂)ပါ အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ–

(က) စစ်မက်ဖြစ်ပွားချိန်၊

(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(ဂ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်။

၄။ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ကာကွယ် စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၅။ အောက်တွင်ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်း မပြုရ–

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(ခ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်၊

(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၆။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း ပြုရမည်"

ဟု အသေးစိတ် အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

27-1 (06).p65 1 3/28/1905, 10:42 PM

ကြိုဆိုနှုတ်ဆက်

ဇန်နဝါရီ ၂၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီးတို့ ၂၀၀၆ ခုနှစ် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် (နွေဦးပွဲတော်) ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံသားတစ်ဦးအနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လည်း အထူးလိုအပ်ပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံသားတိုင်း စောင့်ထိန်းရမည့် တာဝန်များဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန်အတွက်လည်း တိုင်းရင်းသားမျိုးနွယ်စုများသည် စည်းလုံးညီညွတ်စွာ လက်တွဲပြီး နိုင်ငံတာဝန်များကို တက်ညီလက်ညီထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အခါ စစ်မှုထမ်းနိုင်အောင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အတွက် စစ်ပညာသင်ကြားကြရန်လည်း တာဝန်ရှိပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများမှာ အသုံးပြုရန် နိုင်ငံသားများအနေနှင့် နိုင်ငံတော်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် အခွန်အကောက်များပေးဆောင်ရမည့်တာဝန်များရှိသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာစောင့်ထိန်းရန် တာဝန်များရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်လွတ်လပ်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကိုလည်း ကာကွယ်စောင့်ရှောက်သွားရမည့် တာဝန်များ နိုင်ငံသားတိုင်းတွင် ရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများ၏ တာဝန်များနှင့်စပ်လျဉ်းပြီး–

"၁။ နိုင်ငံသားတိုင်းသည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

တို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ယခု အမျိုးသားညီလာခံက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါတွင် နိုင်ငံတော်ဆိုသည့် စကားရပ်ပါရှိနေပါကြောင်း၊ ယင်းနိုင်ငံတော်ဆိုသည့် စကားရပ်ကို ဤအခန်းအတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုထားသည်မှာလည်း သင့်မြတ်လှပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဆိုသည့် စကားရပ်နှင့်စပ်လျဉ်းပြီး–

"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ယနေ့ အမျိုးသားညီလာခံကြီးမှ အနာဂတ်မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ချမှတ်ခဲ့ပြီးသော အသေးစိတ်အခြေခံရမည့်မူများအနက် မြန်မာနိုင်ငံတွင် မည်သည့်ခေတ်ကမျှ မရရှိခဲ့ဖူးသေးသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာကြီးသုံးရပ် ခွဲဝေပိုင်းခြားထားမှုသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အင်မတန်မှ ထူးမြတ်သည့် ရရှိခံစားမှုကြီးတစ်ရပ်ပင်ဖြစ်ကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် ပတ်သက်သည့် အသေးစိတ်အခြေခံရမည့်မူများကို စည်းဝေး နှီးနှောတိုင်ပင်ဆွေးနွေးကြပြီး မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပြင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စသည့်အချက်များကို စဉ်းစားသုံးသပ်ပြီး အခြေခံမူများ ချမှတ်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အနာဂတ်မြန်မာနိုင်ငံတော်အတွက် ပန်းခင်းပေးသည့်လမ်းဖြစ်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ၎င်းတို့နိုင်ငံများ၏အကြောင်း အချက်အလက်အမျိုးအပြား ထည့်သွင်းစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြခြင်းဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ ပုံတူကူးယူရေးဆွဲခြင်း ပြုလုပ်ရန်ဆိုသည်မှာ အင်မတန်မှခက်ခဲသော ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ ပုံတူကူးယူရေးဆွဲခြင်းကြောင့် ကမ္ဘာ့သမိုင်းတွင် ကျဆုံးခဲ့ရသည့်နိုင်ငံများ ရှိခဲ့ဖူးသည်ကိုလည်း သင်ခန်းစာယူစရာတစ်ရပ်ပင် ဖြစ်ကြောင်း။

နိုင်ငံတိုင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ အမျိုးမျိုးခြားနားပေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် မပါမဖြစ်၊ မရှိမဖြစ်သည့်အခန်းမှာ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပင် ဖြစ်ပါကြောင်း၊ ယင်းမှာ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည့် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် တည်သည်ဆိုသည့် အချက်ကြောင့် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများကို သူတို့ကတစ်ဆင့်ပေးအပ်ထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မတရားမှုမပြုနိုင်အောင် ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မတရားပြုမှုများက ကာကွယ်နိုင်သည့်'ဒိုင်း'တစ်ခု ပြည်သူတစ်ဦးချင်းစီ ပေးအပ်ထားခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံရေးမသမာမှုများ ဖိနှိပ်ချုပ်ချယ်မှုများမှ ပြည်သူတစ်ဦးချင်းစီကို အကာအကွယ်ပေးသည့်'ထီး'လည်း ဖြစ်ပါကြောင်း၊ ယင်းမတရားမှုများကို ချေဖျက်မည့်'ဓား'လည်း ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူကပင် နိုင်ငံတော်အာဏာကို ကိုင်တွယ်ကျင့်သုံးသည်ဖြစ်စေ၊ အာဏာပိုင်အစစ်ဖြစ်သည့် ပြည်သူများကို မတရားမှု မပြုနိုင်ပါဘူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် မိမိတို့အနေဖြင့် တက်ကြွစွာပါဝင်ရသည့် အဓိကအကြောင်းအရင်းသည် ပြည်သူများကို ယင်း'ဒိုင်း'များ၊ ယင်း'ထီး'များ၊ ယင်း'ဓား'များ ပေးအပ်ချင်သည့် ပြင်းပြသည့်ဆန္ဒကြောင့်ပင်ဖြစ်ပါကြောင်း။"

ပြည်သူများရရှိမည့် အခွင့်အရေးများကို ပြည်သူများက စည်းကမ်းရှိရှိအသုံးချပြီး တာဝန်များကိုလည်း ကျေပွန်အောင်ထမ်းကြမည်၊ နိုင်ငံတော်၏ အာဏာရပ်များကို ကိုင်တွယ်ကျင့်သုံးသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အလေးအနက်ထားပြီး လိုက်နာကျင့်သုံး အကောင်အထည်ဖော်ကြမည်ဆိုလျှင် ပြည်သူများ မျှော်မှန်းသည့် ဒီမိုကရေစီစနစ်ထွန်းကားပြီး လူတိုင်း၊ လူတိုင်း လူပီသစွာ နေနိုင်သည့်၊ လူ့အခွင့်အရေး အပြည့်အဝရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်နိုင်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်ပတ်သက်သည့် ရှင်းလင်းပြောကြားချက်များအပေါ် မိမိတို့၏သဘောထားအမြင်များကို တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိနှင့်အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများ၏ စည်းလုံးညီညွတ်မှု၊ ဆွေးနွေးတိုင်ပင်မှု၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထားရှိသည့် စေတနာဖြူစင်မှုတို့သည် သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်ဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

စာမျက်နှာ ၅ မှ

ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု စသည်တို့ကို လွတ်လပ်စွာ ထိန်းသိမ်းဆောင်ရွက်ခွင့် ရှိစေသင့်ပါကြောင်း။

နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို အခြေစိုက်နေထိုင်ခွင့်ရှိသကဲ့သို့ နိုင်ငံသားများ၏ ပြောင်းရွှေ့နိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်က ဥပဒေအရ ကာကွယ်ပေးမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်းပြီး–

"၁။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်–

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းစွာစုဝေးခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြား ဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ၊ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၃။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၄။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေသည့် ကာလဖြစ်ပါကြောင်း၊ ယင်းသို့ အချိန်အခါတွင် လူများကို အဓမ္မခိုင်းစေခြင်း၊ လူများကို အရောင်းအဝယ်ပြုခြင်း၊ ကျေးကျွန်ပြုခြင်းတို့ကို ဥပဒေအရ အကာအကွယ်ပေးထားသင့်ပါကြောင်း၊ ထို့ကြောင့် ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့်စပ်လျဉ်းပြီး–

"၁။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၂။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံအတွင်း ပြည်သူအများစုကိုးကွယ်သည့် ဘာသာသည် ဗုဒ္ဓဘာသာပင်ဖြစ်ပါကြောင်း၊ သို့သော် ခရစ်ယာန်ဘာသာကိုးကွယ်သည့် လူများ၊ အစ္စလာမ်ဘာသာကိုးကွယ်သည့် လူများ၊ ဟိန္ဒူဘာသာကိုးကွယ်သည့် လူများ၊ နတ်ကို ယုံကြည်ကိုးကွယ်သည့် လူများလည်းရှိကြပါသေးကြောင်း၊ ပြည်သူတွေအနေနှင့် မိမိတို့ ယုံကြည်နှစ်သက်ကြသည့် ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိစေသင့်ပါကြောင်း၊ သို့သော် နိုင်ငံရေးနှင့်ရောထွေးပြီး ပြုလုပ်ခြင်းများ၊ ဘာသာတစ်ခုနှင့် တစ်ခု ပုတ်ခတ်ပြောဆိုခြင်းများ၊ ကိုးကွယ်ခြင်းဆိုင်ရာ ဂိုဏ်းတစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်မှု၊ စိတ်ဝမ်းကွဲပြားမှုများမဖြစ်အောင်လည်း လိုအပ်သည့် တားမြစ်ချက်များကို ဥပဒေနှင့်အညီ တားမြစ်ချက်ရှိစေသင့်ပါကြောင်း၊ ဘာသာ သာသနာဆိုင်ရာ လွတ်လပ်မှုအခွင့်အရေးများ နိုင်ငံသားများအတွက်သာမကဘဲ နိုင်ငံသားမဟုတ်သူများနှင့်လည်း အကျုံးဝင်စေသင့်ပါကြောင်း၊ ထို့ကြောင့် ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး–

"၁။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၂။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၃။ ထိုသို့ ဘာသာ သာသနာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်သောအခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၄။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၅။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၆။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၇။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၂)

စိုးမြ

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်
ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်
ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အ
နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အ
၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်
အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေး
ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ၌ ညှိနှိုင်းဆွေးနွေးကြရာတွင် ပြည်ထောင်စုအဆင့်၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့အတွက် ဥပဒေပြုခွင့်အာဏာများကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် ဥပဒေပြုခွင့်အာဏာများကိုလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုခွင့်အာဏာများကိုလည်းကောင်း ခွဲဝေအပ်နှင်းရန် လျာထားခွဲခြားပြီး ဆန်းစစ်သုံးသပ် ဆောင်ရွက်ခဲ့ကြပါသည်။

ဤသို့ဖြင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ကဏ္ဍကြီး(၁၁)ရပ်ခွဲခြားပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းသို့ ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းထားပုံကို ယခင်ဆောင်းပါးအဆင့်ဆင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အမျိုးသားညီလာခံက ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများ အနက် ကျန်ရှိနေသေးသောအပိုင်းများကို မေးမြန်းဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။ ၎င်းတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား ခွဲဝေအပ်နှင်းထားသည့် ဥပဒေပြုခွင့် အာဏာများ၊ ဥပဒေပြုစာရင်းအသီးသီးတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့် အာဏာကို ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားပုံများ၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးသွားမည့်ကိစ္စများ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ ချမှတ်ထားတဲ့ အခြေခံမူတွေနှင့်အညီ အမျိုးသားညီလာခံက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုတို့ကို သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ အဲဒီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအတွက် ဥပဒေပြုခွင့်အာဏာခွဲဝေထားပုံနှင့် စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအတွက် ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"လို့ အခြေခံမူချမှတ်ထားပါတယ်။ အဲဒီအခြေခံမူ အပေါ်မူတည်ပြီး "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ အသီးသီးဖွဲ့စည်းထားရှိပြီး ယင်းဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်"လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြန်တယ်။**

စိုးမြကျော် – ဒါဆို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေအတွက် ဘယ်လို ဥပဒေပြုရေးအာဏာတွေ ခွဲဝေအပ်နှင်းမယ်ဆိုတာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ လိုလာတာပေါ့နော်ဘကြီး။

ဘကြီးစိုး – လိုတာပေါ့ကွယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေအတွက် ခွဲဝေအပ်နှင်းထားတဲ့ ဥပဒေပြုရေးအာဏာတွေကို လေ့လာကြတဲ့အခါမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေရဲ့ ဥပဒေပြုအဖွဲ့တွေဖြစ်တဲ့ ဦးစီးအဖွဲ့တွေအနေနဲ့ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်တဲ့ ဥပဒေပြုရေး အာဏာတွေဖြစ်ဖို့ အရေးကြီးကြောင်း သုံးသပ်တွေ့ရှိခဲ့တယ်။ ဒါကြောင့်မို့ အမျိုးသားညီလာခံက **"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့် အာဏာများကို ခွဲဝေအပ်နှင်းသည်–**

(က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ (Town and Village Plan)
(ခ) လမ်းတံတားများဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊
(ဂ) ပြည်သူ့ကျန်းမာရေး၊
(ဃ) စည်ပင်သာယာရေးလုပ်ငန်း၊
(င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊
(စ) စားကျက်မြေများ ထိန်းသိမ်းရေး၊
(ဆ) သစ်တောများကာကွယ်ထိန်းသိမ်းရေး၊
(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(ဈ) မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာ ကိစ္စ၊
(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ" ဆိုပြီး အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ပေးခဲ့တာဖြစ်တယ်။

စိုးမြကျော် –ဟုတ်ကဲ့ပါဘကြီး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းတဲ့ ဖော်ပြပါကိစ္စရပ်တွေမှာ ဥပဒေပြဋ္ဌာန်းခွင့်ရှိကြတာမို့ အဲဒီကိစ္စရပ်တွေမှာ မိမိတို့ဒေသအတွက် လိုအပ်သလို ဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်ကြရမယ်၊ ဒါ့အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ မိမိသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေတွေကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမယ်၊ အဲဒီလိုမဟုတ်လား ကြီးကြီး။

ကြီးကြီးမြ –မောင်ကျော်ပြောတာ မှန်ပါတယ်။ ဒါဟာ ဥပဒေပြုရေး အာဏာကို ခွဲဝေကျင့်သုံးတဲ့ ဒီမိုကရေစီအနှစ်သာရပါပဲ။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေဟာ ဗဟိုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအတွက် ခွဲဝေအပ်နှင်းထားတဲ့ ကိစ္စရပ်တွေမှာ ဥပဒေပြုခွင့်မရပေမယ့် ဗဟိုနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့အညီ လုပ်ပိုင်ခွင့်တွေပါ ရရှိဆောင်ရွက်ကြရမှာဖြစ်တယ်။

ဘကြီးစိုး –အလားတူပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာပါတဲ့ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက မိမိတို့ တိုင်းဒေသ၊ ပြည်နယ်အလိုက် လိုအပ်သလို ဥပဒေပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမှာဖြစ်တယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့အညီလည်း လုပ်ပိုင်ခွင့်တွေ ရရှိဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအဆင့် လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက လိုက်နာအကောင်အထည်ဖော်ကြရမှာဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေကလည်း ဗဟိုနဲ့ မိမိသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကိုပါ လိုက်နာ အကောင်အထည် ဖော်ကြရမှာ ဖြစ်တယ်။ ဒါတွေဟာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို လိုက်နာအကောင်အထည်ဖော်ဆောင်ရာမှာ ချောချောမွေ့မွေ့နဲ့ ထိထိ ရောက်ရောက် ဖြစ်အောင် အမျိုးသားညီလာခံက ဖော်ဆောင် ပေးထားတဲ့ အနှစ်သာရတွေပဲကွယ့်။

စိုးမြကျော် –သဘောပေါက်ပါပြီ ဘကြီး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေကို ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းထားတဲ့ ကိစ္စရပ်တွေဟာလည်း သက်ဆိုင်ရာ တိုင်း၊ ဒေသအတွင်း တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်တွေဖြစ်နေတာ တွေ့ရပါတယ်ခင်ဗျာ။

ဘကြီးစိုး –မှန်ပါတယ်။ သက်ဆိုင်ရာနယ်မြေဒေသအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေအတွက် နိစ္စဓူဝ ဖော်ဆောင်ပေးသွားရမယ့် လုပ်ငန်းကိစ္စရပ်တွေပဲဖြစ်ပါတယ်။ ကျန်းမာရေး၊ စည်ပင်သာယာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနဲ့
အစရှိတဲ့ လုပ်ငန်းကိစ္စ
ယနေ့ နိုင်ငံတော်က
ပတ်ဝန်းကျင် ထိန်းသိမ်း
တိုးတက်ရေးနဲ့ ကျေးလ
ကို အခြေခံထားတာ

ကြီးကြီးမြ –ဒါဟာ အနာဂတ်နိုင်ငံ
အဆင့်အထိ ဥပဒေပြုခွ
အနှစ်သာရပဲဖြစ်တယ်။
ဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချု
ခွင့်ရ ဒေသတွေမှာ မိမိတ
အာဏာအရ မိမိတို့ရဲ့
ဖြစ်မယ့် ဥပဒေတွေ ပြဋ္ဌ
ကို ဥစ္စာရင်လို ဥစ္စာရင်ခဲ
ဒီအချက်ကိုကြည့်ရင် ဟ
အမျိုးသားညီလာခံက ချ
အသေးစိတ် အခြေခံရမ
ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပြည့်စုံနေတယ်ဆိုတာကို
ပါတယ်။

စိုးမြကျော် –**အဲဒီလို ကိုယ်တွေ့မျ**
အထောက်အထားတွေ
မြေအောက်၊ ပြည်တွင်း
သမားတွေကတော့ နိုင်ငံ
မဆိုင်ဘူး။ သူတို့ရဲ့ကို
တရားသေစွဲကိုင်ပြီး က
နော်။

ဘကြီးစိုး –အဲဒီအဖျက်သမားတွေက
ကြဦးမှာပါပဲ။ တိုင်းရင်
အရှိအတိုင်း အမှန်ကိုအမှ
လင်းလင်း သိရှိနိုင်စေဖို့
ဘကြီးတို့၊ မောင်ကျော်
ဆွေးနွေးတင်ပြနေကြတ

စိုးမြကျော် –မှန်ပါတယ်ဘကြီး။ ဒါနဲ့
ဥပဒေပြုစာရင်း၊ တိုင်း
ဥပဒေပြုစာရင်းနဲ့ ကိုယ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
ထဲမှာ ဖော်ပြမထားတဲ့
ဥပဒေပြုခွင့်အာဏာကို
သိပါရစေ။

ကြီးကြီးမြ –အခု မောင်ကျော်မေးတဲ့ ဥ
ကြွင်းကျန်အာဏာ (R
ကြတယ်မဟုတ်လား က
ပြုခွင့်အာဏာ အပ်နှင်း

ဘကြီးစိုး –မှန်ပါတယ်။ အဲဒီကြွင်းက
လို့ တချို့သိထားကြ
ပြည်ထောင်စုလွှတ်တော်

"နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေး အာဏာကို ခွဲဝေအပ်နှင်းမည်"

၁၂)

စိုးမြကျော်

ခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ပ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော် ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ဖော်ပြသွားမည် ဖြစ်သည်။

သောက်သုံးရေရရှိရေးနဲ့ မြို့နှင့် ကျေးရွာများ မီးလင်းရေး အစရှိတဲ့ လုပ်ငန်းကိစ္စရပ်တွေပါပဲ။ တစ်နည်းဆိုရရင် ယနေ့ နိုင်ငံတော်က ဖော်ဆောင်ပေးနေတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို အခြေခံထားတာ တွေ့ရလိမ့်မယ်။

ကြီးကြီးမြ –ဒါဟာ အနာဂတ်နိုင်ငံတော်မှာ ဗဟိုကနေ အောက်ခြေအဆင့်အထိ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းထားမှုရဲ့ အနှစ်သာရပဲဖြစ်တယ်။ တိုင်းရင်းသား လူနည်းစုများဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ မိမိတို့ကို အပ်နှင်းထားတဲ့ ဥပဒေပြုခွင့်အာဏာအရ မိမိတို့ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဥပဒေတွေ ပြဋ္ဌာန်းပြီး မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေးကို ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆောင်ရွက်နိုင်ကြမှာဖြစ်တယ်။ ဒီအချက်ကိုကြည့်ရင် ဟိုယခင်အခြေအနေတွေထက် ယခု အမျိုးသားညီလာခံက ချမှတ်ပေးထားတဲ့ အခြေခံမူတွေနဲ့ အသေးစိတ် အခြေခံရမယ့် မူတွေအရ ပေါ်ထွန်းလာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေက အခြေခံကျကျနဲ့ အနှစ်သာရပြည့်စုံနေတယ်ဆိုတာကို မီးမောင်းထိုးပြ နေသလို တွေ့နိုင်ပါတယ်။

စိုးမြကျော် –**အဲဒီလို ကိုယ်တွေ့မျက်မြင် လေ့လာတွေ့ရှိနိုင်တဲ့ အထောက်အထားတွေ ခိုင်ခိုင်လုံလုံရှိနေပေမယ့် မြေပေါ်မြေအောက်၊ ပြည်တွင်းပြည်ပ၊ လက်ဝဲလက်ယာ အဖျက်သမားတွေကတော့ နိုင်ငံနဲ့လူမျိုးအကျိုးရှိတာဟာ သူတို့နဲ့ မဆိုင်ဘူး။ သူတို့ရဲ့ကိုယ်ကျိုးစီးပွားဖြစ်ဖို့သာ ပဓာနလို့ တရားသေစွဲကိုင်ပြီး ကဖျက်ယဖျက် လုပ်နေကြတုန်းပဲနော်။**

ဘကြီးစိုး –အဲဒီအဖျက်သမားတွေကတော့ ကျားကျားမီးယပ်လုပ်နေကြဦးမှာပါပဲ။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အရှိကို အရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ပီပီပြင်ပြင် ကြည်ကြည်လင်လင် သိရှိနိုင်စေဖို့က အဓိကပါပဲ။ ဒါ့ကြောင့်မို့ ဘကြီးတို့၊ မောင်ကျော်တို့ရဲ့ စကားဝိုင်းလေးကတစ်ဆင့် ဆွေးနွေးတင်ပြနေကြတာမဟုတ်လား။

စိုးမြကျော် –မှန်ပါတယ်ဘကြီး။ ဒါနဲ့တစ်ဆက်တည်း ပြည်ထောင်စု ဥပဒေပြုစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းထဲမှာ ဖော်ပြမထားတဲ့ အခြားကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာကို ဘယ်လိုအပ်နှင်းထားသလဲဆိုတာ သိပါရစေ။

ကြီးကြီးမြ –အခု မောင်ကျော်မေးတဲ့ ဥပဒေပြုခွင့်အာဏာမျိုးကို တချို့က ကြွင်းကျန်အာဏာ (Residual Power)လို့ သိထားကြတယ်မဟုတ်လား ကိုစိုး။ အဲဒါနဲ့ပတ်သက်ပြီး ဥပဒေပြုခွင့်အာဏာ အပ်နှင်းထားပုံကို ရှင်းပြပေးပါဦး။

ဘကြီးစိုး –မှန်ပါတယ်။ အဲဒီကြွင်းကျန်အာဏာ(Residual Power)လို့ တချို့သိထားကြတဲ့ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားတာဖြစ်ပါတယ်။

စိုးမြကျော် –အဲဒီကြွင်းကျန်အာဏာနဲ့စပ်လျဉ်းပြီး ဥပဒေပြုပိုင်ခွင့်ကို ဘာဖြစ်လို့ ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားရတာလဲ ဘကြီး။

ဘကြီးစိုး –လောကမှာဘယ်အရာမျှ ပြီးပြည့်စုံမှုမရှိဘူးလို့ ဆိုစကားရှိထားတယ်မဟုတ်လား။ ယနေ့ ခေတ်ကာလမှာ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization)ဖြစ်စဉ်အရ နေ့စဉ်ပြောင်းလဲတိုးတက်နေတာနဲ့ အမျှ ကမ္ဘာပေါ်မှာမမျှော်လင့်ထားတဲ့၊ မမျှော်လင့်နိုင်တဲ့ ကိစ္စရပ်တွေ အချိန်မရွေးပေါ်ပေါက်လာနိုင်တယ်လေ။ အဲဒီလိုပေါ်ပေါက်လာတဲ့ကိစ္စရပ်ဟာ အရေးကြီးပြီး တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ကိစ္စမျိုးဖြစ်နိုင်သလို ချက်ချင်းလက်ငင်း ဥပဒေပြဋ္ဌာန်းပြီး အချိန်နဲ့တစ်ပြေးညီ ဖော်ဆောင်ရမယ့် ကိစ္စမျိုးလည်းဖြစ်နိုင်တယ်။ အဲဒီလို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အရေးပေါ်ဆောင်ရွက်ရမယ့်အခြေအနေမျိုးမှာ နှောင့်နှေးကြန့်ကြာနေရင် နိုင်ငံနဲ့လူမျိုးအတွက် ထိခိုက်နစ်နာမှုတွေ ဖြစ်လာနိုင်တယ် မဟုတ်လား။ အဲဒီလို ကိစ္စရပ်မျိုးတွေနဲ့ စပ်လျဉ်းပြီး ဥပဒေပြုခွင့်ကို တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွေကို ခွဲဝေအပ်နှင်းထားရင် သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဥပဒေပြုကြတဲ့အခါမှာ ဝိဝါဒတွေကွဲပြားပြီး တစ်ယောက်တစ်ပေါက်နဲ့ ဝိရောဓိတွေဖြစ်လာနိုင်တယ်။ အဲဒီလို ကိစ္စရပ်မျိုးတွေဟာ အလျင်အမြန် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံနဲ့လူမျိုး အကျိုးရှိအောင် အချိန်မဆိုင်းဘဲ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တာမို့ ဥပဒေပြုအဖွဲ့အသီးသီးရဲ့ အဆင့်အမြင့်ဆုံးဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုသာ ဥပဒေပြုပိုင်ခွင့်အာဏာ အပ်နှင်းထားရတာ ဖြစ်ပါတယ်။

ကြီးကြီးမြ –၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း အဲဒီကြွင်းကျန် အာဏာနဲ့စပ်လျဉ်းလို့ **ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားခြင်းမရှိသောအခြားကိစ္စများ** ဆိုပြီး ပြည်ထောင်စုဥပဒေပြုစာရင်းထဲမှာပဲ အာဏာခွဲဝေအပ်နှင်းထားတာတွေ့ရပါတယ်။

ဘကြီးစိုး –အဲဒီလိုကြွင်းကျန်အာဏာကို အဆင့်အမြင့်ဆုံးလွှတ်တော်ကိုအပ်နှင်းထားတာဟာ ဘကြီးတို့ မြန်မာနိုင်ငံမှာတင် မဟုတ်ဘူးကွယ့်။ နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာကြည့်ရင် အဲဒီ ကြွင်းကျန်အာဏာကို သက်ဆိုင်ရာနိုင်ငံရဲ့အမြင့်ဆုံးအဆင့်ဖြစ်တဲ့ လွှတ်တော်တွေကိုသာ ဥပဒေပြုပိုင်ခွင့်အာဏာအပ်နှင်းထားကြောင်း တွေ့ကြရမှာဖြစ်ပါတယ်။

စိုးမြကျော် –သဘောပေါက်ပါပြီခင်ဗျာ။ ကြွင်းကျန်အာဏာဆိုတာ အင်မတန် ကျယ်ဝန်းနက်ရှိုင်းပြီး ပြည်ထောင်စုတစ်ခုလုံးနဲ့ အကျုံးဝင်သက်ဆိုင်နေတာမို့ နိုင်ငံနဲ့လူမျိုးအကျိုး အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရတယ်ဆိုတာ သဘာပေါက်ပါပြီ။ အဲဒါနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူကို သိပါရစေ ဘကြီး။

ဘကြီးစိုး –အမျိုးသားညီလာခံက ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာ**"ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်သို့အပ်နှင်းသည်"**လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

စိုးမြကျော် –ဟုတ်ကဲ့ပါဘကြီး။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်တွေ၊ အနှစ်သာရတွေနဲ့ စပ်လျဉ်းပြီး ရှေ့ပိုင်းမှာဘကြီးရှင်းပြခဲ့တာ ကျွန်တော်မှတ်မိနေပါသေးတယ်။ အဲဒါကတော့ ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြဋ္ဌာန်းပေးဖို့ လိုအပ်လာရင် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးမယ်လို့ အသေးစိတ်အခြေခံရမယ့် မူချမှတ်ထားတဲ့အကြောင်းပဲ ဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ထပ်ပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး –ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေ အရ နယ်မြေဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေ အဖြစ်သတ်မှတ်လိုက်ရင် အဲဒီပြည်ထောင်စုနယ်မြေရဲ့ အုပ်ချုပ်မှုအာဏာနဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ အုပ်ချုပ်မှု အောက်မှာ မထားရှိဘဲ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှု အောက်မှာ ထားရှိသွားမှာဖြစ်တယ်။ ဒါပေမယ့် အဲဒီ ပြည်ထောင်စု နယ်မြေတွေအတွက် ဥပဒေတွေကို နိုင်ငံတော်သမ္မတက သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက ခန့်အပ်ထားတဲ့ အုပ်ချုပ်မှုကောင်စီကသော် လည်းကောင်း ပြဋ္ဌာန်းပိုင်ခွင့်မရှိဘူး။ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းသမျှ ဥပဒေတွေအတိုင်းသာ ပြည်ထောင်စုနယ်မြေတွေက လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်တယ်။ ဒါဟာ ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးကို အပြန်အလှန် ထိန်းညှိပေးထားတဲ့ အနှစ်သာရပါပဲ။

ကြီးကြီးမြ –ပြည်ထောင်စု နယ်မြေတွေဟာ ဥပဒေပြုခွင့်အရ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြဋ္ဌာန်းမှု အောက်မှာ တိုက်ရိုက်တည်ရှိပြီး အုပ်ချုပ်မှုအရ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက် အုပ်ချုပ်မှု အောက်မှာတည်ရှိနေတာဖြစ်တယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ ပြည်ထောင်စုနယ်မြေတွေမှာ သက်ရောက်မှာမဟုတ်ဘူး။

စိုးမြကျော် –ဒါဆိုတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို ဖြစ်စေ ဥပဒေပြဋ္ဌာန်းခွင့် ပေးထားတဲ့ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု နယ်မြေတွေအတွက် ဥပဒေပြုဖို့ လိုအပ်လာရင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိပါရစေဘကြီး။

ဘကြီးစိုး –**ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်ထံ အပ်နှင်းထားတာမို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှဥပဒေတွေဟာ ပြည်ထောင်စု နယ်မြေတွေအပေါ်မှာလည်း အာဏာသက်ရောက်မှာဖြစ်ပါတယ်။ အလားတူပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥပဒေပြုစာရင်းတွေမှာ ပါဝင်တဲ့ကိစ္စရပ်တွေကိုပါ ပြည်ထောင်စု နယ်မြေတွေအတွက် ဥပဒေပြဋ္ဌာန်းပေးဖို့ လိုအပ်ရင် ပြည်ထောင်စုလွှတ်တော်က လိုအပ်တဲ့ ဥပဒေကို ပြဋ္ဌာန်းပေးသွားမှာ ဖြစ်တယ်။**

စိုးမြကျော် –ဒါဟာပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ခြုံငုံစဉ်းစားသလို နယ်မြေဒေသအသီးသီး အတွက်ပါ သီးခြားစီ စဉ်းစားပြီး သင့်တော်မှန်ကန်တဲ့ ဥပဒေပြုခွင့်တွေကို အကြောင်း အရာအလိုက် ပိုင်းခြားသတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ နိုင်ငံနဲ့လူမျိုးအကျိုးကို ဦးစားပေးရှေးရှု ထားတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်ခင်ဗျာ။

ဘကြီးစိုး –အခုလောက်ဆိုရင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကို အပ်နှင်းထားတဲ့ ဥပဒေပြုပိုင်ခွင့်တွေကို ရှင်းလောက်ပြီထင်ပါတယ်။ အဲဒီဥပဒေပြုအဖွဲ့တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရည်ရွယ်ချက်တွေ၊ အနှစ်သာရတွေနဲ့အညီ မိမိတို့ကို အပ်နှင်းထားတဲ့ ဥပဒေပြုခွင့်အာဏာတွေအရ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်း သွားကြရမှာ ဖြစ်တယ်။

စိုးမြကျော် –အဲဒီလိုဥပဒေတွေပြဋ္ဌာန်းကြရာမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေမယ်ဆိုရင် ပြည်သူတွေဟာ ဥပဒေအရာမှာ ညီတူညီမျှ အကျိုးခံစားခွင့်ရရှိနိုင်မှာ မဟုတ်ဘူးနော်။ ဒါကြောင့်မို့ လွှတ်တော်အဆင့်ဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ ဥပဒေတွေရဲ့ အကျိုးသက်ရောက်မှုကို ဘယ်လို သတ်မှတ်ထားသလဲ ဆိုတာ သိပါရစေ။

ဘကြီးစိုး –**အမျိုးသားညီလာခံက ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်အောင် ကြိုတင်မျှော်တွေးပြီး ပုံဖော်ပေးထားပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ဥပဒေဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေကိုသာ အတည်ယူရမယ်။ အလားတူပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေကိုသာ အတည်ယူရမှာဖြစ်ပါတယ်။**

စိုးမြကျော် –အများစုရဲ့ ဆန္ဒကို အနည်းစုက လေးစားလိုက်နာရသလို အလုံးစုံသော နိုင်ငံတော်ရဲ့ အဆုံးအဖြတ်ကို နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတွေက လေးစားလိုက်နာရတာမို့ ဒီမိုကရေစီအနှစ်သာရ ပြည့်ဝနေပါတယ်ဘကြီး။ တကယ်လို့များ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ အနေအထားကို ရောက်ရှိလာရင်ကော ဘယ်လိုဆက်လက် ဆောင်ရွက်သွားမှာပါလဲ ဘကြီး။

ဘကြီးစိုး –**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည်သာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် သော့ချက်ဖြစ်တယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်ကိုသာ အတည်ယူရမှာဖြစ်တယ်။**

စိုးမြကျော် –ဟုတ်ကဲ့ပါဘကြီး။ လက်ရှိကျင့်သုံးနေတဲ့ တည်ဆဲဥပဒေတွေ အတည်ဖြစ်မှုနဲ့စပ်လျဉ်းပြီး တစ်ဆက်တည်း ရှင်းပြပေးပါဦး။

ဘကြီးစိုး –ဥပဒေနဲ့အညီ နိုင်ငံတော်ရဲ့ယန္တရား စဉ်ဆက်မပြတ် ချောမွေ့စွာ လည်ပတ်နိုင်စေဖို့ အတွက် အခုလက်ရှိကျင့်သုံးနေတဲ့ တည်ဆဲဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ပြဋ္ဌာန်းပြီးတဲ့ နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည် ဖြစ်နေလိမ့်မယ်။ ဒါကြောင့်မို့ **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"**လို့ အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

စိုးမြကျော် –ရှင်းပါပြီဘကြီး။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့စပ်လျဉ်းပြီး အကြောင်းအရာ အချက်အလက် အားလုံးနီးပါးကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ပါပြီ။ နောက်ဆုံး ကျန်နေသေးတာက ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်း၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းတို့ပဲ ဖြစ်တယ်လို့ သိရပါတယ်။

ဘကြီးစိုး –အဲဒီကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူတွေဟာ ဒီမိုကရေစီနည်းလမ်းတကျ မျှမျှတတနဲ့ အနှစ်သာရတွေလည်း ပြည့်ဝနေသလို စိတ်ဝင်စားဖို့လည်း ကောင်းတာမို့ နောက်နေ့ကျမှပဲ ဘကြီးတို့ အကျယ်တဝင့် ဆွေးနွေးကြတာပေါ့။ ။

ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ပြည်ပ အန္တရာယ်မှ ကာကွယ်ရေး တပ်မတော်က ဦးဆောင်ရမည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးမြလှိုင်နှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများအနက် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာအောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် တပ်မတော်အခန်းနှင့်ပတ်သက်၍ အကြံပြုချက်တင်သွင်းနိုင်ရန်အတွက် လေ့လာသည့်အခါ နိုင်ငံတော်တော်များများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ တပ်မတော်အခန်းဟုသီးခြားဖော်ပြထားသည်ကို မတွေ့ရပါကြောင်း၊မိမိတို့မြန်မာနိုင်ငံ၏ နောင်ပေါ်ထွန်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တပ်မတော်အခန်းကို သီးခြားသတ်မှတ်ဖော်ပြမည်ဖြစ်သည့်အတွက် ထူးခြားချက်တစ်ရပ်ဟု ဆိုနိုင်ပါကြောင်း၊ ယင်းမှာလည်း မြန်မာနိုင်ငံသမိုင်း၏ သမိုင်းကြောင်းတွင် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း၊ အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်များအပေါ်တွင်အခြေခံပြီး သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟုယူဆပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေနှင့် ဉာဏ်မီသလောက် ဆင်ခြင်သုံးသပ်ပြီး အကြံပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆွေးနွေးရာမှာလည်း လက်ရှိပကတိ ဖြစ်ပေါ်နေသည့်အခြေအနေများ၊ နောင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မျက်ခြည်ပြတ်မခံဘဲဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

တပ်မတော်ဆိုသည့်စကားရပ်၏ အဓိပ္ပာယ်သည် အင်မတန်လေးနက်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခုသည် တူညီဝတ်စုံဝတ်ထားရုံ၊ လက်နက်ကိုင်ဆောင်ထားရုံနှင့် တပ်မတော်ဟုမခေါ်ဆိုနိုင်ပါကြောင်း။

ယင်းအချက်များအပြင် အဆင့်ဆင့် စနစ်ကျသည့် ဖွဲ့စည်းမှုလည်းရှိရပါမည်၊ အဆင့်ဆင့်အမိန့်နာခံမှု လည်းရှိရပါမည်၊ စည်းကမ်းသတ်မှတ်ချက်များရှိပြီး ဒီစည်းကမ်းသတ်မှတ်ချက်များ တစ်နည်းအားဖြင့် စစ်စည်းကမ်းများကို လိုက်နာမှုလည်းရှိရပါကြောင်း၊ တပ်မတော်သားတစ်ဦးချင်းစီ စောင့်ထိန်းရမည့် ကျင့်ဝတ်များလည်းရှိရပါမည်၊ အရေးကြီးဆုံးအချက်သည် ယင်းအဖွဲ့အစည်းတွင် ပါဝင်ကြသည့် အဆင့်ဆင့်သော ပုဂ္ဂိုလ်များ၏ စိတ်ဓာတ်နှင့်ခံယူချက်ပင်ဖြစ်ပါကြောင်း၊ စစ်မြေပြင်တွင် ရန်သူကိုချေမှုန်းနိုင်သည့် ရဲစွမ်းသတ္တိတစ်ခုတည်းရှိရုံနှင့်မလုံလောက်ပါဘူး၊ မိမိပါဝင်သည့်အဖွဲ့အစည်းပေါ်တွင် သစ္စာရှိမှု၊ မိမိအလုပ်အကျွေးပြုရသည့် ပြည်သူများ၏ အကျိုးစီးပွားအပေါ်မှာ သစ္စာရှိမှု၊ မိမိနှင့်တိုင်းရင်းသား ပြည်သူများပါဝင်သည့် နိုင်ငံတော်၏ အကျိုးစီးပွားပေါ်တွင် သစ္စာရှိမှုဆိုသည့် ခံယူချက်များ ပြည့်ဝနေမှသာလျှင် တပ်မတော်ဆိုသည့်စကားရပ်၏ လေးနက်သည့်အဓိပ္ပာယ်ကို အပြည့်အဝခံယူနိုင်ပါလိမ့်မည်။

ခေတ်သစ်မြန်မာ့တပ်မတော်၏ သမိုင်းအစကို ပြန်ကြည့်မည်ဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဖြစ်တည်ရာမှာလည်းတပ်မတော်၏ ခေါင်းဆောင်ပိုင်း၊ တပ်မတော်၏သန္ဓေပိုင်းသည် နိုင်ငံရေးအတွေးအခေါ်ရှိသည့်၊နိုင်ငံရေးအသိအမြင်ရှိသည့် နိုင်ငံရေးသမားများနှင့် စတင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းသို့ဖွဲ့စည်းခဲ့၍လည်း တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီးလွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ခေတ်အဆက်ဆက်နိုင်ငံတော်၏အခက်အခဲများကို တစ်ခုတည်းသော နိုင်ငံရေးစိတ်ဓာတ်နှင့်ဦးဆောင်ဖြေရှင်းပေးခဲ့ပါကြောင်း၊ ယင်းကတော့ အမျိုးသားနိုင်ငံရေးစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်မြန်မာ့တပ်မတော်သည် သာမန်လခစားတပ်မတော်တစ်ခုမဟုတ်ဘဲအမျိုးသားနိုင်ငံရေးအငွေ့အသက်များဖြင့် လွှမ်းခြုံနေသော တပ်မတော်(Politized Army)ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ယနေ့ မြန်မာ့တပ်မတော်အပေါ်တွင် ဆင်ခြင်သုံးသပ်မည်ဆိုလျှင် ဤအမြင်နှင့်ဆင်ခြင်သုံးသပ်မှသာလျှင် မှန်ကန်နိုင်မည်ဟုယူဆပါကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရှင်းလင်းပြောကြားသွားခဲ့သည့် တပ်မတော်အခန်းနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့် မူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဖော်ပြခဲ့သည့် အချက်များကို လေ့လာကြည့်ရာတွင် ယင်းအချက်များထဲတွင်–

(၁) တပ်မတော်သည်မည်သို့သော တပ်မတော်ဖြစ်သည်။
(၂) တပ်မတော်သည် မည်သည့်တာဝန်များရှိသည်။
(၃) ထိုတာဝန်များကိုထမ်းဆောင်နိုင်ရန် မည်သို့ဆောင်ရွက်ရမည်။
(၄) ထိုသို့ဆောင်ရွက်နိုင်ရန် မည်သူ့တွင်လုပ်ပိုင်ခွင့်များရှိသည်။
(၅) တပ်မတော်၏ စည်းကမ်းထိန်းသိမ်းမှုကို မည်သို့ဆောင်ရွက်ရမည်။
(၆) နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း သေဆုံး၊ ကျဆုံးသောတပ်မတော်သားများအတွက် မည်သို့ဆောင်ရွက်ပေးရမည်

ဆိုသည့်အချက်များကို ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတော်တွင် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသည် ပီပြင်စွာ ပေါ်လွင်မည်ဖြစ်ပါကြောင်း။

ယင်းသို့သုံးသပ်ရရှိသည့် အချက်အလက်များပေါ်တွင် မူတည်ပြီး သီးခြားအကြံပြုချက်အနေနှင့် အောက်ပါအချက်များကို တင်ပြလိုပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားသွားသည့်အချက် တစ်ချက်ဖြစ်သည့်–

တပ်မတော်သည် နိုင်ငံတော် လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်

ဆိုသည့်အချက်နှင့်ပတ်သက်ပြီး အကြံပြုလိုပါကြောင်း။

ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရာတွင် တပ်မတော်တစ်ခုတည်း ဖော်ဆောင်မည် မဟုတ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ပါဝင်ရာတွင် တက်ကြွစွာပါဝင်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ သို့မှသာ ရည်မှန်းသည့် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာအောင်မြင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့တက်ကြွစွာပါဝင်နိုင်ရန်အတွက် တပ်မတော်၏ဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များဖြစ်သည်ဆိုသည်ကို သိသာထင်ရှားရန်လိုပါကြောင်း၊ ထို့ပြင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟု အသေးစိတ်အခြေခံရမည့်မူလည်းရှိနေသည့်အတွက် အထက်ဖော်ပြပါ အချက်မှာ 'ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ' ဆိုသည့် စကားရပ်ကိုထည့်သွင်းပြီး–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည် ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် 'ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ' စီမံဆောင်ရွက်ခွင့်ရှိသည်

ဟု ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ သို့မှသာ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း'တွင် ပါဝင်သည့် 'နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်' ဆိုသည့် အချက်နှင့် ချိတ်ဆက်မိမည်ဖြစ်ပါကြောင်း။

အထက်ဖော်ပြပါသီးခြားအကြံပြုချက်မှလွဲ၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့သည့် အချက်များဖြစ်သည့်–

၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသောမျိုးချစ်တပ်မတော်ဖြစ်သည်။
၂။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်။
၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။
၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိက အကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။
၅။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။
၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်။
၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။
၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မိုင်ငြိမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။
၉။ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။
၁၀။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။
၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။
၁၃။ မသန်မစွမ်းဖြစ်သော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။
၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်။

တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်မှာပါဝင်သည့် အချက်များဖြစ်သည့် 'စစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားရေး'၊ 'တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း ဟူသော လောကပါလတရားများ ထွန်းကားရေး'၊ 'အနာဂတ်နိုင်ငံတော်၏ဦးဆောင်မှုအခန်းတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေး'ဆိုသည့် အချက်(၃)ချက်သည် တစ်ခုနှင့်တစ်ခု ဝိရောဓိဖြစ်တယ်ဆိုသည့် သံသယကိုဖျောက်ပြီး စိတ်ကောင်းနှလုံးကောင်းထားရှိပြီး စစ်မှန်သည့် အမျိုးသားရေးစိတ်ဓာတ်ပေါ်မှာ အခြေခံဖော်ဆောင်မည်ဆိုလျှင် နိုင်ငံတော်မှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖော်ဆောင်နိုင်သည့် အချက်များဖြစ်ပါကြောင်း၊ တစ်ဖန်နိုင်ငံတော်အတွင်းမှာရှိသည့် လုပ်ပိုင်ခွင့်အာဏာများကိုလည်း တစ်ဦးတစ်ယောက်တည်းမှာ စုပေါင်းအပ်နှင်းမထားဘဲ ခွဲဝေအပ်နှင်းထားခြင်းအားဖြင့် အာဏာတစ်ခုနှင့်တစ်ခု ထိန်းကျောင်းညှိနှိုင်းမှုကို သိမ်မွေ့စွာဖော်ဆောင်ထားနိုင်ပါကြောင်း။

နောင်ပေါ်ထွန်းလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်၏အခန်းကိုပီပီပြင်ပြင်ဖော်ဆောင်ထားသကဲ့သို့ နိုင်ငံတော်၏ ထူးခြားသည့် အခြေအနေများကြောင့် နိုင်ငံတော်၏ ဦးဆောင်မှုအခန်းတွင် အခြားအခြားသော အင်အားစုများနှင့်အတူတပ်မတော်မှ ပါဝင်ထမ်းဆောင်နိုင်ရေးနှင့် ပတ်သက်၍ ကြည်လင်သည့်အမြင်ဖြင့်ကြည့်မည်ဆို လျှင်နိုင်ငံတော်တွင်–

(၁) ပြည်သူတွေကို ရွေးကောက်ပွဲနည်းလမ်းဖြင့် ကိုယ်စားပြုမည့် နိုင်ငံရေးပါတီများပါဝင်တဲ့ အင်အားစုများ၊
(၂) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုမည့်အင်အားစုများ၊
(၃) စုစည်းညီညွတ်ပြီး တစည်းတလုံးထဲရှိတဲ့တပ်မတော်

ဆိုပြီး နိုင်ငံတော်၏အနာဂတ်ရေးများကို ဖန်တီးပြောင်းလဲနိုင်သည့် အင်အားစုသုံးရပ်ရှိသည်ဟု မြင်ပါကြောင်း၊ ယင်းအင်အားစုများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့်ဦးဆောင်မှုပြုမှသာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယင်းအင်အားစုများအနက် တပ်မတော်သည် ဖွဲ့စည်းမှုဆိုင်ရာ၊ စည်းကမ်းလိုက်နာမှုဆိုင်ရာ၊ အမိန့်နာခံမှုဆိုင်ရာမှာ စနစ်အကျဆုံးအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အရေးအရာများကို အချိန်တိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းလည်းရှိပါကြောင်း၊ ယင်းအချက်ကြောင့်ပင် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ယနေ့ပကတိအခြေအနေများအရ တပ်မတော်က မလွဲမသွေပါဝင်ရမည် ဖြစ်ပါကြောင်း၊ တပ်မတော်က မပါဝင်လိုလျှင်တောင်မှ ကျန်အင်အားစုများက ပါဝင်လာအောင် စည်းရုံးသိမ်းသွင်းရမည်ဖြစ်ပါကြောင်း၊ ယင်းသည်ဝါဒစွဲ၊ အဖွဲ့အစည်းစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းစွာနှင့် မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေ သည့် ပကတိအခြေအနေများ၊ အောင်မြင်မှုများ၊ အခက်အခဲအနှောင့်အယှက်များ၊ ရှေ့ဆက်မည့်ခရီးမှာ ကြုံတွေ့လာနိုင်သည့်ပြဿနာများအပေါ် ဆင်ခြင်သုံးသပ်ပြီး အဂတိတရားလေးပါး ကင်းရှင်းစွာနှင့် အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း သုံးသပ်ရရှိသည့်အချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလမ်းကြောင်းမှာ မိမိဖြစ်ချင်သည်ကို ဦးစားမပေးဘဲ ပကတိအခြေအနေအရ လောလောဆယ်ဖြစ်နိုင်တာကို တည်တည်ငြိမ်ငြိမ်နှင့် စတင်လုပ်ဆောင်ရန်လိုပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းမှာ လိုလိုလားလားနှင့်ပါဝင်လိုသည့်ဆန္ဒကို ကြိုဆိုရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း မိမိဖြတ်သန်းလာရသည့် သမိုင်းကြောင်းအတွေ့အကြုံများအရ ကွဲပြားခြားနားသည့် ပုဂ္ဂိုလ်စွဲ၊ နိုင်ငံရေးဝါဒစွဲ ကင်းရှင်းစွာနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားတစ်ခုတည်းကို ဦးထိပ်ထားပြီး အမျိုးသားရေးဝါဒ (Nationalism)တစ်ခုတည်းကိုသာ စွဲကိုင်ရင်း နိုင်ငံတော်အတွင်းရှိ အခြားအင်အားစုများနှင့်အတူ နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အတွင်းမှာရှိကြသည့် အင်အားစုများသည် ချစ်ခြင်း၊မုန်းခြင်း၊ အာဃာတ၊ သံသယများကို ဖယ်ရှားပြီး သူ့ကြောင့်၊ ငါ့ကြောင့်ဆိုသည့် ပြစ်တင်မှုများကို မေ့ပျောက်ကာ တက်ညီလက်ညီ စည်းလုံးညီညွတ်ကြရန် အချိန်အခါရောက်နေပါပြီ။ ပတ်ဝန်းကျင်နိုင်ငံများ အရှိန်အဟုန်ကောင်းကောင်းနှင့် တိုးတက်နေချိန်တွင် မိမိတို့သည် ပဋိပက္ခ သံသရာမှာမျောနေကြရန်မသင့်တော့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်လိုလားသည်ဆိုလျှင် နိုင်ငံတော်တွင်း၌ ရှိကြသည့် အင်အားစုများအားလုံး တက်ညီလက်ညီ အင်တိုက်အားတိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း မိမိတို့၏အကြံပြုချက်စာတမ်းကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ဖတ်ကြားတင်ပြသည်။ ။

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးခန်းမဆောင်၌ စတင်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒုတိယခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များနှင့် အတွင်းရေးမှူးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာကိုဖတ်ကြားတင်သွင်းသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် အဖွဲ့၏ အစီရင် ခံစာကို ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍တင်ပြကြရာ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မေကြည်စိန်၊ ဘဏ္ဍာရေးရာဌာနကြီးမှူးဒေါ်အေးအေး၊ ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ဌာနကြီးမှ ဒုတိယဌာနကြီးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်တို့ကလည်းကောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်တို့ကလည်းကောင်းအသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့ချုပ်များ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက တင်ပြကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးကလည်းကောင်း၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဒေါ်အုန်းရင်ကလည်းကောင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်တင်စိန်ကလည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ဆောင်ရွက်သည်။

ယင်းနောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာကလည်းကောင်း၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်ကလည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေကလည်းကောင်း၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်မြမြလွင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာကလည်းကောင်း၊ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်စန်းမြင့်ကလည်းကောင်း၊တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းကလည်းကောင်း၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်ခင်မော်မော်ကလည်းကောင်း၊ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဒေါ်ခင်မြမြကလည်းကောင်း၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီလွင်ကလည်းကောင်းဆွေးနွေးကြပြီး အစည်းအဝေးပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မေကြည်စိန် ဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီလွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်အုန်းရင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်မြမြလွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ထက်မြက်သောစွမ်းဆောင်မှုအရည်အသွေးနှင့် စေတနာဝီရိယတို့ဖြင့်စံနမူနာဖြစ်နေရန်လိုအပ် မြန်မာအမျိုးသမီးထုကြီးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ်ဦးတည်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင် ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ မိမိတို့အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကိုစောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာတွင်လည်း စံနမူနာယူဖွယ်ထူးခြားသည့် ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ကြကြောင်း၊ ထို့အပြင် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက် ကတည်းကပင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခဲ့ကြကြောင်း၊ မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍမှနေပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရုံသာမက ယနေ့ထက်တိုင်လည်း ပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့မြင်ကြရမှာဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော်ရှိသည့် အမျိုးသမီးများသည် မြန်မာနိုင်ငံသို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နေပါကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများ၏ ဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည်ဖော်ရေးနှင့် နိုင်ငံတော်အတွက် အားထားရသည့် အင်အားစုကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

တာဝန်ယူဆောင်ရွက်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေး အတွက် ကြိုးပမ်းဆောင်ရွက်စေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများတွင် တက်တက်ကြွကြွ ညီညီညွတ်ညွတ်ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်စေရန် စနစ်တကျတာဝန်အဆင့်ဆင့် ခွဲဝေဖွဲ့စည်းထားသည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ကြောင်း၊ ယင်းအဖွဲ့ကြီး၏ သက်တမ်း နှစ်နှစ်တာကာလအတွင်း အမျိုးသမီးရေးရာ အဖွဲ့ဝင် စုစုပေါင်း အင်အား ၂ ဒသမ ၂ သန်းရှိနေပြီး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ကိုယ်စားပြု ဖွဲ့စည်းထားသည့် အဖွဲ့ကြီးဖြစ်ကြောင်း။

ယခု ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားနိုင်စေရန် ဦးဆောင်သွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်သည်ဟု ခံယူထားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားရေးအကျိုးစီးပွားကိုသာ ရှေးရှုသည့် အခြေခံမှုများဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေး သက်သက်ကိုသာ ဆောင်ရွက်မည် ဆိုသည့် အမျိုးသားရေးဆိုင်ရာ အခြေခံမှု၊ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည် ဆိုသည့် တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမှု၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် လူမှုရေးဆိုင်ရာ အခြေခံမှု၊ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသမီးရေးရာ အခြေခံမှုတို့နှင့်အညီသာ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းထားပြီး အဖွဲ့ချုပ်အောက်၌ လုပ်ငန်းအဖွဲ့များနှင့် ဌာနကြီးများလည်းရှိပါကြောင်း။

အဖွဲ့ချုပ်တွင် စည်းရုံးရေး၊ စီမံရေးရာ၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစသည့် ဌာနကြီးခြောက်ခုနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး၊ တိုင်းရင်းသားရေးရာ၊ ဥပဒေရေးရာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် လုပ်ငန်းအဖွဲ့ခြောက်ခုတို့လည်း ဖွဲ့စည်းထားပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝလုံခြုံရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်မည်ဆိုလျှင်လည်း ပြည်နယ်နှင့်တိုင်း အလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်ကို ဆင့်ကဲ ဆင့်ကဲ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်နေကြသည့် အဖွဲ့ဝင်များကလည်း အောက်ခြေအထိဆင်းပြီး အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို အလေးပေးဖြည့်ဆည်းပေးရန် အားသွန်ခွန်စိုက် ထိထိရောက်ရောက် ဆောင်ရွက်ကြပါရန် အားပေးတိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရက အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးရေးရာ အဖွဲ့ဝင်များကလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုနှင့် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို စုစည်းခိုင်မာသည့်တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ပီပီပြင်ပြင် ဖြစ်လာစေရေးအတွက် ဦးတည် ကြိုးပမ်းဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း။

တာဝန်ရှိသူပုဂ္ဂိုလ်များ၊ အမျိုးသမီး ခေါင်းဆောင်များကလည်း ခေါင်းဆောင်ကောင်းပီသစွာ ကောင်းမွန်သောစိတ်ဓာတ်ရေးရာနှင့် ကိုယ်ကျင့်သိက္ခာ၊ ထက်မြက်သော စွမ်းဆောင်မှုအရည်အသွေးနှင့် စေတနာဝီရိယစသည်တို့ဖြင့် စံနမူနာဖြစ်နေစေရန် အထူးလိုအပ်ပါသည်ဟုအလေးအနက်မှာကြားလိုပါကြောင်း။

တက်ညီလက်ညီကြိုးပမ်း

အဖွဲ့ချုပ်၏အဖွဲ့ဝင် အမျိုးသမီးတိုင်းကလည်း သာမန်အဖွဲ့ဝင်များဖြစ်စေကာမူ မိမိတို့ခံယူထားသည့် ကတိသစ္စာနှင့် ကျင့်ဝတ်တို့ကို လိုက်နာစောင့်ထိန်းပြီး အဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံ နေထိုင်သွားရင်း အဖွဲ့ချုပ်ကြီး၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့အသီးသီး၏ ဆောင်ရွက်ရန်ရှိသည့် တာဝန်ဝတ္တရားများကို အောင်မြင်စွာအကောင်အထည်ဖော် ဖြစ်ထွန်းလာစေရန် မိမိတို့ကျရာ တာဝန်များကို အားကြိုးမာန်တက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်သွားရာတွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင်လည်း ဆက်စပ်နီးနွယ်နေသည့် ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အမှန်တကယ်လိုကြောင်း၊ ယခုလည်း နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လက်တွဲပြီး ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အလေးအနက်ထပ်မံတင်ပြလိုသည်မှာ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် လူဦးရေ၏ထက်ဝက်ကျော်သည့် အမျိုးသမီးထုကြီး ဖြစ်ကြောင်း၊ ထိုအမျိုးသမီးထုကြီးကို နိုင်ငံအကျိုးဆောင်နိုင်သည့် စွမ်းအားစုကြီးတစ်ရပ်အဖြစ် ထိထိရောက်ရောက်ပါဝင်လာအောင် အသက်အရွယ်ကဏ္ဍအလိုက် ခွဲခြားပြီး ဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ကောင်းမွန်သည့်ရလဒ်

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ ယနေ့ကျင်းပသည့်နှစ်ပတ်လည်အစည်းအဝေးကြီးတွင် ကောင်းမွန်သည့် ရလဒ်ရောက်အောင် မိမိတို့အဖွဲ့အစည်းအလိုက်၊တာဝန်ယူရသည့်အခန်းကဏ္ဍအလိုက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပါ၊ ကောင်းမွန်သည့် ရလဒ်များ ရှာဖွေဖော်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုကြောင်းဖြင့် ပြောကြားသွားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၁-၂၀၀၆)ရက်နေ့
၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၂-၂-၂၀၀၆)ရက်နေ့နှင့်
(၂၆-၂-၂၀၀၆)ရက်နေ့

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချုပ်ပို လေးမျက်နှာ ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချုပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။

(မြန်မာ့အလင်း)

လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပရိတ်ရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန့်စင် ဆုချီးမြှင့်စဉ်။(ခရိုင် ပြန်/ဆက်)

လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပရိတ်ရွတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပရိတ်ရွတ်ပြိုင်ပွဲကို ဇန်နဝါရီ၁၃ ရက် (ပြာသိုလပြည့်နေ့) နံနက် ၇ နာရီခွဲက လားရှိုးမြို့ မဟာမြတ်မုနိဘုရား ရင်ပြင်တော်၌ကျင်းပရာ လားရှိုးခရိုင်အတွင်းရှိ သိန်းနီ၊ တန့်ယန်း၊ မိုင်းရယ်နှင့် လားရှိုးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပရိတ်ရွတ်ပြိုင်ပွဲသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်စင်၊ တပ်မတော်အရာရှိ၊ အရာခံများ၏ဇနီးများ၊ လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်စင်က ဆုရရှိသော အသင်းများအား ဆုများကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြွန်တန်ဆာ အထက၊အလက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ပဲခူးတိုင်းမြွန်တန်ဆာမြို့ အထက၊ အလက ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် သက်ကြီး မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြွန်တန်ဆာမြို့ ဘိုးရာဇာခန်းမ၌ကျင်းပရန် စီစဉ်ထားသည်။ မြွန်တန်ဆာ အထက၊ အလကတွင် လုပ်သက်အနည်းဆုံး တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့၍ အသက်(၆၀)ပြည့်ပြီးသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက် ဂါရဝပြုကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ ငွေပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၅၀၀၀ ဖြင့် စိုက်ထူလှူဒါန်းနိုင်ပြီး အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန်တွင် ဒေါ်ခင်စောမူ ဖုန်း-၆၆၃၁၇၉၊ ဒေါ်အမာဘီ (မြန်မာ့မီးရထား၊ ရုံးချုပ်) ဖုန်း-၂၀၁၅၅၅၊ လိုင်းခွဲ-၄၁၀၊ မန္တလေးတွင် ဒေါ်ကြေးမုံစန်း ဖုန်း-၀၂-၂၃၉၅၁၊ မြွန်တန်ဆာမြို့တွင် ဦးတင်ဦး ဖုန်း-၅၆ နှင့် ဒေါက်တာ ခင်မောင်အေး ဖုန်း-၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Joseph Davis နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်
အဖိတ်နေ့
၂၇-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ ရွှေလောင်းတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၅ ၇။ အကပြိုင်ပွဲ
- ၁၇:၃၅ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** လွင်မိုး၊ မင်းမော်ကွန်း၊ ဓာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ
- ၁၇:၄၀ ၉။ အဆိုပြိုင်ပွဲ
- ၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၁၀ ၁၄။ အရေးပြိုင်ပွဲ
- ၁၉:၂၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"**(အပိုင်း-၂)

✡ *ကျောဖုံးမှ*

ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ(အပိုင်း ၂၊၃၊၄)ဥက္ကဋ္ဌ ဦးမင်းသန်းဌေးက စက်မှုဇုန်များအတွင်း စက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်မှု၊ ဇုန်များနှင့် ပတ်သက်သည့် အချက်အလက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက စက်မှုဇုန်များသို့ သောက်သုံးရေပေးဝေလျက်ရှိသည့်အခြေအနေနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြ ကြပြီး တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် စက်မှုကဏ္ဍ မြင့်မားတိုးတက်ရေးသည် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်ကြီးလေးဇုန်နှင့် စက်မှုဇုန်ခွဲပေါင်း ၂၅ ခု တည်ထောင်ဖွင့်လှစ်၍ အငယ်စား၊ အလတ်စားနှင့် အကြီးစားစက်မှုပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပစ္စည်းအရည်အသွေးနှင့် နည်းပညာတို့ကို ထိထိမိမိ အချိုးကျ ပေါင်းစပ်အသုံးပြုပြီး ဈေးကွက်၏ လိုအပ်ချက်ကို မပြတ်စူးစမ်းလေ့လာ၍ ထုတ်ကုန်ပစ္စည်း အမယ်သစ်များ တီထွင်ထုတ်လုပ်ကြရန် နိုင်ငံတော်၏ စက်မှုကဏ္ဍအတွက် လိုအပ်သည့် စက်မောင်းဆီအဖြစ် အသုံးပြုနိုင်မည့် ကြက်ဆူဆီ ထုတ်လုပ်နိုင်ရန် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြရေးအတွက် လုပ်ငန်းရှင်များက စီမံဆောင်ရွက်ကြစေလိုကြောင်းနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၃)ရှိ ဦးကြူမိသားစု ဂျုံစက်နှင့် Crown Cable and Wire Factory Co., Ltd.၊ စက်မှုဇုန် အပိုင်း(၄)ရှိ Sinma Furnishing Co.,Ltd.တို့ကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၆

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲ၊ ဂုဏ်ထူး၊ ဘွဲ့ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ အစီအစဉ်များကို ဖေဖော်ဝါရီ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများနှင့် ၂၀၀၆ခုနှစ် ဂုဏ်ထူး၊ဘွဲ့ထူးရရှိကြသော ပုဂ္ဂိုလ်များသည် အသင်းဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၂၆၁၆၄ ၊ ဒုဥက္ကဋ္ဌ ဦးတင်ဌေး ဖုန်း-၂၂၁၇၄၅ တို့သို့ ဇန်နဝါရီ ၂၉ ရက်ထက် နောက်မကျဘဲ ဆက်သွယ်သတင်းပို့ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အသင်းသားအားလုံးတက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ မြို့ရွာ စည်ပင်ဖွံ့ဖြိုးမှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် မြို့ရွာများ စည်ပင်ဖွံ့ဖြိုးတိုးတက်

မြို့ပြဒေသများ စည်ပင်ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများလည်း ပါဝင်သည်။ စီမံကိန်းများကို တစ်ပြိုင်တည်း ပေါင်းစည်း ဆက်စပ်၍ နိုင်ငံတော်နှင့်အတူ ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် မြို့ရွာများ စည်ပင်ဖွံ့ဖြိုးတိုးတက်လာသည်။

နိုင်ငံအတွင်းပိုင်းရှိ ဒေသများသည် ယခင်လမ်းများနှင့် အလှမ်းဝေးခဲ့ရ၍ မြို့များ မဖွံ့ဖြိုးခဲ့ရသကဲ့သို့ မြို့လည်းမကျ၊ တောလည်းမကျ ဖြစ်ခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် စည်ပင်သာယာရေးဦးစီးဌာနက ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ တိုးတက် ဖောက်လုပ်ပေးခဲ့ရာ ကျေးလက်ဒေသများသာမက မြို့ပြများပါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ မြန်ဆန်လာလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှုနှင့်အတူ မြို့ရွာရေရရှိရေး လုပ်ငန်းများကိုပါ ဖော်ဆောင်ပေးနိုင်ခဲ့သဖြင့် မြို့ပြဒေသများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာသည့်အပြင် မြို့နေလူမှုဘဝ စည်ပင်ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ထို့ကြောင့် မြို့ပြနှင့် ကျေးလက်ဒေသများ ကွာခြားမှုမရှိဘဲ အချိုးကျကျ တိုးတက်လာလျက်ရှိသည်။

မြို့ရွာများတွင် အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ တိုက်နယ်ဆေးရုံများစသည့် အခြေခံအဆောက်အအုံများတိုးပွားလာသည်။ ယခုအခါ ဖွံ့ဖြိုးရေး အထူးဒေသများ သတ်မှတ်ပြီး တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုကြောင့် မြို့ပြဒေသများ၏ တိုးတက်ဖွံ့ဖြိုးမှုများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။



ကျေးရွာချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ တိုးတက် ဖောက်လုပ်ပေးခဲ့ရာ အင်္ဂပူမြို့နယ် ကျွဲသောင်ဇီးဖြူကုန်းတံတား တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	**မြို့ပြလမ်း(မိုင်)**	၂၉၇၁	၅၃၈၆	၂၄၁၅
	- ကတ္တရာလမ်း(မိုင်)	၉၄၅	၁၉၆၃	၁၀၁၈
	- ကျောက်ခင်းလမ်း(မိုင်)	၇၆၈	၁၀၀၇	၂၃၉
	- ဂဝံခင်းလမ်း (မိုင်)	၁၉၈	၃၂၀	၁၂၃
	- မြေလမ်း (မိုင်)	၁၀၆၀	၂၀၉၅	၁၀၃၅
၂	**မြို့ပြတံတား**			
	- အသစ်တည်ဆောက်ပြီးကွန်ကရစ်တံတား	-	၅၈၀၉	၅၈၀၉
	- အသစ်တည်ဆောက်ပြီးသစ်သားတံတား	-	၃၆၇၃	၃၆၇၃
၃	**မြို့ရေပေးရေးလုပ်ငန်း**			
	- ဆောင်ရွက်မည့်မြို့နယ်	-	၂၈၅	၂၈၅
	- ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း	-	၁၂၇	၁၂၇

မိုင်းဖြတ်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး၊ နည်းစနစ်များရှင်းလင်း ဒီဇယ်ဆီအစားထိုး ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက် အသုံးပြုပုံသရုပ်ပြ

မိုင်းဖြတ် ဇန်နဝါရီ ၁၆

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဒီဇယ်အစားထိုး ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုပုံ သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မိုင်းဖြတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ကွင်းအမှတ်(၈/က)၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးသန့်ဇင်က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှု နည်းစနစ်များနှင့် အသုံးဝင်ပုံတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

သရုပ်ပြ

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဝင်းအောင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကြက်ဆူဆီဖြင့် အသုံးပြုသည့် လယ်ယာ–၁၆ လက်တွန်းထွန်စက်နှစ်စီးဖြင့် လက်တွေ့ ထွန်ယက်သရုပ်ပြခြင်းများကို ကြည့်ရှုကြသည်။

(ယာပုံ)

ထို့နောက် ခြံစည်းရိုးကြက်ဆူပင် ခြောက်ထောင်ကျော်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အလှူရှင်များဂုဏ်ပြုပွဲ တိုက်ကြီး၌ကျင်းပ

တိုက်ကြီး ဇန်နဝါရီ ၁၅

တိုက်ကြီးမြို့နယ် ဂျိုးဖြူစုံပြုကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

တင်ပြ

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာကြည့်တိုက်ဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်တွဲဖက်အတွင်းရေးမှူးက စာအုပ်နှင့်ငွေအလှူရှင်များ စာရင်းဖတ်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်သိန်းဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ အလှူရှင်တစ်ဦးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။ ဂျိုးဖြူကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် လှူဒါန်းမှုမှာ စာအုပ်စာစောင် ၄၃၇ အုပ်နှင့် အလှူငွေကျပ် ၃၂၆၇၁၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေသိုလှောင်ထားမှု

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မြောက်ဦးမြို့နယ် ရေပေးဝေသော လက်ဆည်ကန်နှင့် အငူမကန်တို့တွင် ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် ရေပေးဝေရေး တာဝန်ခံတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ဖြူး ဇန်နဝါရီ ၂၂

ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူးမြင့်ဦး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးရဲနောင်တို့က အမှာစကားပြောကြားကြသည်။

ဖတ်ကြား

အစည်းအဝေးတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်စိုး(မောင်မိုးညို–ချောင်းဦး)ကဖတ်ကြားတင်ပြပြီး နှစ်ပတ်လည် ငွေစာရင်းရှင်းတမ်းကိုအဖွဲ့ဘဏ္ဍာရေးမှူးဦးယဉ်ဇော်ဦး(ယဉ်ဇော်ဦး–ဖြူး)ကဖတ်ကြားသည်။

ဆက်လက်၍ အမှုဆောင်သစ်အဖြစ် ဥက္ကဋ္ဌ ဦးမြင့်ဦး(ဖြူး–မြင့်ဦး)၊ အတွင်းရေးမှူး ဦးမြင့်စိုး(မောင်မိုးညို–ချောင်းဦး)၊ ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း–ရွှေအင်း)နှင့် အမှုဆောင်များအဖြစ် ဦးသန်းနိုင်(တောင်ငူလူမော်)၊ ဦးစိုးနိုင် (ရွှေဖြူး–မောင်ယဉ်နိုင်)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

(၂၈၄)

မီးဘေးကြိုတင်ကာကွယ်

အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဈေးကြီးနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် ဇန်နဝါရီ ၁၄ ရက်က မီးဘေးကြိုတင် ကာကွယ်ရေး မီးငြိမ်းသတ် သရုပ်ပြပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်း၊ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် မီးသတ်တာဝန်ခံ ဦးစိုးသိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၁၆)

စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးအလုပ်ရုံဆွေးနွေး ကြက်ဆူပင် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရွှေတောင်၌ရှင်းလင်း

ရွှေတောင် ဇန်နဝါရီ ၂၀

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ကြက်ဆူပင်ဆိုင်ရာနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၃ ရက်က မြောင်းတပ်အုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်သောင်းကအမှာစကားပြောကြားပြီး ကျေးရွာအုပ်စုဘက်စုံ ဖွံ့ဖြိုးရေးတာဝန်ခံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးညွန့်က ကြက်ဆူပင်ဆိုင်ရာ ကိစ္စရပ်များအကြောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် မြို့နယ်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှမျိုးအောင်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့် ရေရှည်ဖွံ့ဖြိုးရှင်သန်ရေးအကြောင်း၊ မြန်မာ့ဆက်သွယ်ရေး စခန်းမှူးဦးမောင်မောင်လွင်က စာပေဖတ်ရှုခြင်း အကျိုးတို့ကို ဟောပြောကြပြီး **(အောက်ပုံ)** တက်ရောက်လာကြသူများက ပြန်လည် ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာအုပ်စုအတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံကို ပေးအပ်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ပျိုးဥယျာဉ်အသစ်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပျိုးဥယျာဉ်အသစ် တည်ဆောက်ခြင်းနှင့် ပျိုးပင်များပျိုးထောင်ထားရှိမှု အခြေအနေကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝေတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ဝမ်းတွင်းမြို့၌ကျင်းပ

ဝမ်းတွင်း ဇန်နဝါရီ ၂၀

ဒီဇယ်ဆီ အစားထိုးနိုင်ရန် ခြံစည်း ရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက ဝမ်းတွင်းမြို့နယ် ရှေ့တန်းအမှတ် (၂)တောင်ဆည်အုပ်စု ကုန်းကန်ကျေးရွာ သင်ပုန်းချောင်း ဘေးရှိ ကွင်းအမှတ် ၁၅၀၂ တွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌဦးကျော်သူနှင့် စိုက်ကြပ်အဖွဲ့ဝင် ရှေ့တန်းခေါင်းဆောင်များ၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမင်းကြည်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှမောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာက ခြံစည်းရိုးကြက်ဆူပင်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးကာ လက်ကမ်းစာစောင်များ ဝေငှပေးဝေကြသည်။

ထို့နောက် ကုန်းကန်ကျေးရွာမှ တောင်သူများဖြစ်ကြသော ဦးလှမောင်–ဒေါ်အုန်းကြည်၊ ဦးမြ–ဒေါ်တင်ရွှေနှင့် ဦးစောလွင်–ဒေါ်ခင်မျိုးတင့်တို့က မိမိတို့ပိုင်ယာလပ်မြေ ၁၀ ဧကကို ကျေးရွာပိုင် ကြက်ဆူပင်စိုက်ပျိုးရန် လှူဒါန်းကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကြက်ဆူပင်ပျိုးကိုင်းများကို တစ်ဦးချင်းသို့ တာဝန်ပေးအပ်ပြီး အဆိုပါ ယာလပ်မြေ တစ်ကွင်းတစ်စပ်တည်း ၁၀ ဧကတွင် ကျေးရွာပြည်သူများ တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်း အမှတ် ၁၂၀နေ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်လှိုင်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ငြိမ်း)အား ရည်စူး၍ ဇနီးဒေါ်ခင်ဝင်းနွယ် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းကို ဇန်နဝါရီ ၁၇ရက်က လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူစဉ်။ (က-ပ)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ၁၉ရက် နံနက် ၈နာရီက စမ်းချောင်းလမ်း (မင်းလမ်းထိပ်)ရှိ မြသိန်းတန် အောင်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။

သင်းလုံးကျွတ် အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်ရာ(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်အဘိုး အဘွားများ စာရင်းနှင့် ၂၀၀၅ ခုနှစ်တက္ကသိုလ်ဝင်တန်းတွင် အသင်းဝင်များ၏ သားသမီးများဖြစ်ကြသည့် ဂုဏ်ထူးရပညာရည်ချွန်ဆုရသူများစာရင်းကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများ ဦးသိန်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်ငြိမ်း ဖုန်း-၅၅၉၀၅၉၊ အတွင်းရေးမှူးများ ဦးအေးကျော် ဖုန်း-၅၃၇၀၅၇၊ ၅၁၀၂၈၅နှင့် ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

သန်လျင်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ် ရွေးချယ်

သန်လျင် ဇန်နဝါရီ ၁၄

သန်လျင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၁နာရီက သန်လျင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် နာယက စာရေးဆရာဦးချစ်သန်းမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးရွှေတင် (သန်လျင်မောင်ညိုမှိုင်း)က ဆောင်ရွက်သည်။ သဘာပတိ ဦးချစ်သန်းမြင့်က အမှာစကားပြောကြားပြီး ဆရာဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေး၊ သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွန့်(ဟန်ညွန့်-ဥပဒေ)တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးဟန်ညွန့်(ဥပဒေ)၊ အတွင်းရေးမှူးမောင်မြင့်မား(ဘိုကလေး)ပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်ပေးပြီး ညီလာခံကိုယ်စားလှယ်အဖြစ်ဦးဟန်ညွန့်(ဟန်ညွန့်-ဥပဒေ)နှင့် မောင်မြင့်မား(ဘိုကလေး)တို့ကို ရွေးချယ်ကြသည်။ **(က-ပ)**

ရွှေပြည်သာမြို့ အမှတ်(၂)၊ သံလွင်လမ်း ၆/၁၀ရပ်ကွက် ရွှေပြည်သာပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှု အသင်း(ရွှေပြည်သာ)သို့ ဦးသန်းဝင်း-ဒေါ်ကြည်၊ သား မောင်နန္ဒာလင်းအောင်(စေတနာရှင်ယာဉ်မောင်း) မိသားစုတို့က အလှူငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် အမှုဆောင် ဦးအောင်နိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

ထားဝယ်အသင်း(၇၉)ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဦးခင်စိုးက ငွေကျပ် ၁၁၁သိန်း၅သောင်းကို လှူဒါန်းရာ နာယက ဦးလှတင်က လက်ခံစဉ်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆လမ်း အမှတ် ၁၁၁နေ မိဘနှစ်ပါးဖြစ်ကြသော ဦးချစ်ခင်-ဒေါ်နီနီမေတို့အား ရည်စူး၍ သားသမီးတစ်စုတို့က အထွေထွေပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထားဝယ်အသင်းနှစ်ပတ်လည်စည်းဝေး သက်ကြီးပူဇော်၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ထားဝယ်အသင်း (၇၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၂ရက်မွန်းလွဲပိုင်းက ဇမ္ဗူရတနာပါဠိတက္ကသိုလ် ထားဝယ်ကျောင်းတိုက်၌ ကျင်းပသည်။

လက်ခံရယူ

အစည်းအဝေးတွင် သဘာပတိ ဦးလှတင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်မြင့်က အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားအတည်ပြုကာ အလှူရှင်များ၏ အလှူငွေများကို လက်ခံရယူသည်။

ထို့နောက်(၇၅)နှစ်အထက် အဘိုးအဘွား ၃၅၀အား ပူဇော်ကန်တော့ကြပြီး ပညာရည်ထူးချွန်သူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ကာ ထားဝယ် ရိုးရာမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

(က-ပ)

(၇၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အင်္ဂပူ) လူမှုထူးချွန်(ပထမဆင့်)**(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၂၅ရက်က မင်္ဂလာဇေယျာ့ပြဟာအသင်းချုပ်၏ အကြိမ်(၈၀)ပြည့် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲတွင် (၇၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

မြစ်ကြီးနားမြို့၌ ကျေးလက်ရေတွင်းတူးဖော်

မြစ်ကြီးနား ဇန်နဝါရီ ၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ရေတွင်း ခုနစ်တွင်းကို နန်းကွေ့၊ ပြည်ထောင်၊ ကံ့ကော်မြိုင်၊ ယုဇနမြိုင်၊ အောင်မြေ၊ ဒိန်ကလူနှင့် အင်ကြင်းမြိုင်ကျေးရွာတို့တွင် တူးဖော်ကြရာ လုပ်ငန်းပြီးစီးမှု အခြေအနေကို ဒီဇင်ဘာ၂၀ရက်က အမှုဆောင်အရာရှိ ဦးအေးဆွေနှင့်အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းအရ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် အိမ်အလုံး၂၀လျာထားရာ၌ ခင်တိုကျေးရွာတွင် ကျေးလက်အိမ်ရာ တည်ဆောက်နေမှု အခြေအနေကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်း ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၈-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၀၉:၄၅	အာဆီယံအစီအစဉ်
၁၁:၁၅	သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၅	အဘိုးအဘွားအလေးထား (စာရေးဆရာ၊ သတင်းစာဆရာကြီး-သာဂဒိုးနှင့် ဆွေးနွေးခန်း)
၁၂:၀၀	တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂:၁၅	နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
၁၃:၁၀	ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-ဓာတုဗေဒ)

ညနေပိုင်း

၁၇:၀၀	အဆို၊ အက၊ အရေး၊ အတီးဆုရ (မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် ရခိုင်ပြည်နယ်မှ မခိုင်ဇင်ရွှေတို့၏ ဓမ္မပူဇာတေး)
၁၇:၃၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အဝလွန် ပြဿနာ- The Earth)
၁၈:၄၅	သိမှတ်စရာကွန်ပျူတာ (Unicode သုံး မြန်မာစာလုံး စနစ်အကြောင်း-အပိုင်း-၂)
၁၉:၁၅	မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မေဆွိနှင့် မိမိဝင်းဖေတို့၏ မင်းမချစ်တဲ့နေ့စီးရီး)
၂၀:၃၀	တေးသံစုံ (မြန်မာ့အသံအဖွဲ့၏ တေးသံစုံ)

ပန်းခြံလှပရေး

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နဒီသောင်ယံ ပန်းခြံ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၅ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ ကျောက်ဖြူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းပြသစဉ်။ (ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဇန်နဝါရီ ၁ရက်က အုတ်ဖိုမြို့မဈေးကြီးအတွင်း၌ ပြုလုပ်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးအကျိုးဆောင် အဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်သရုပ်ပြကြစဉ်။ (၀၇၄)

လုပ်ငန်းရှင်များ ပစ္စည်းအရည်အသွေးနှင့်နည်းပညာ ထိထိမိမိအချိုးကျပေါင်းစပ်အသုံးပြု ဈေးကွက်၏လိုအပ်ချက် မပြတ်လေ့လာပြီး ထုတ်ကုန်အမယ်သစ်များတီထွင်ထုတ်လုပ် စက်မှုကဏ္ဍလိုအပ်သည့် စက်မောင်းဆီကို ကြက်ဆူဆီမှထုတ်လုပ်အသုံးပြုရေးစီမံဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမသို့ရောက်ရှိရာ ရွှေပြည်သာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ရွှေပြည်သာစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန်များ တည်ထောင်၍ စက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရွှေပြည်သာစက်မှုဇုန်အတွင်း အပိုင်းလေးပိုင်းခွဲ၍ စီမံခန့်ခွဲရေး ကော်မတီဝင်များဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် စက်မှုလုပ်ငန်းမှ လျာထားချက်ပြည့်မီအောင် တိုးတက်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေနှင့် ဇုန်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် အစီအမံများကိုလည်းကောင်း၊

စာမျက်နှာ ၁၃ ကော်လံ ၁ ✡

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာစက်မှုဇုန်ရှိ ဝိုင်ယာကြိုးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အစိုးရ၏စေတနာနှင့် ဒေသခံပြည်သူတို့၏ပူးပေါင်းကြိုးပမ်းမှုကြောင့် ကာလိကျေးရွာဘက်စုံဖွံ့ဖြိုး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့်သောက်သုံးရေဖူလုံလာသဖြင့် စီးပွားရေးကောင်းမွန် ဒေသတည်ငြိမ်အေးချမ်းမှုရလဒ်ကောင်းများကြောင့် ပြည်သူများမျက်စိပွင့်အမြင်ကျယ်လာ

ရန်ကုန် ဇန်နဝါရီ ၂၆

ကာလိကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်ရှိ ကျေးရွာတစ်ရွာဖြစ်သည်။ ယခင်က ကာလိကျေးရွာသည် အိမ်ခြေအနည်းငယ်သာရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သည်။ ယခု တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများပါမကျန် ကျေးလက်ဒေသအထိ အကြားအလပ်မရှိ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းခဲ့မှုကြောင့် ကာလိကျေးရွာသည် စံပြကျေးရွာ ဖြစ်လာခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိစံပြကျေးရွာ စည်ပင်သာယာဈေးနှင့် ကျေးရွာလူထုတို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှူထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းအနက် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှူထန် ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ယခုတင်ပြမည့် အကြံပြုစာတမ်းကို မိမိနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်တို့ စုပေါင်းအကြံပြုရေးသားခဲ့ကြပြီး စာတမ်းဖတ်ကြားတင်ပြသည့်နေရာတွင်လည်း အပိုင်းသုံးပိုင်းခွဲပြီး တင်ပြကြမည်ဖြစ်ကြောင်း ပဏာမအနေနှင့် တင်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံတော်သစ်ကို ဖွဲ့စည်းတည်ဆောက်ခြင်းပင်ဖြစ်ပါကြောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသောလောကပါလတရားများ ပိုမိုထွန်းကားစေရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးတို့ကို အဓိကအခြေခံထား၍ နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် အခြေခံမူများကိုလည်း ချမှတ်ထားကြပြီး ဖြစ်ပါကြောင်း၊ ယင်းနိုင်ငံတော်သစ်သည် လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့ လူမျိုးနွယ်စုတစ်စု၏ ကောင်းကျိုးအတွက်သာမဖြစ်စေဘဲ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တစ်မိသားစုဝင် တိုင်းရင်းသားလူမျိုးနွယ်စုများအားလုံးကို လောကပါလတရားနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အမှန်တကယ် အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း။

မည်သည့်တိုင်းပြည်၌မဆို ဖွဲ့စည်းပုံဥပဒေတစ်ရပ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းကြသည့်အခါ ယင်းအခြေခံဥပဒေရေးဆွဲသည့် ကာလအထိ မိမိတိုင်းပြည်၏ သမိုင်းနောက်ခံ၊ တိုင်းပြည်၏ ပကတိအခြေအနေ၊ တိုင်းပြည်တွင် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လူမှုရေးအစရှိသည့်များကြောင့်လည်းကောင်း ဖြစ်ပျက်ခံစားခဲ့ကြရသည့်၊ ခံစားနေရဆဲဖြစ်သည့် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ထုံးဓလေ့နှင့် ပတ်ဝန်းကျင်အခြေအနေများ စသည့် အကြောင်းတရားများကို သေချာဂနစွာ ဝေဖန်ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အတိတ်ကိုအတိတ်တွင်ထားပြီး အရာရာကို မေ့ပစ်ရရိုးထုံးစံမရှိကြောင်း၊ အတိတ်သမိုင်းဖြစ်စဉ်များကို တိကျမှန်ကန်စွာ စိစစ်သုံးသပ်ပြီး သင်ခန်းစာများ ထုတ်ယူကြရမည်ဖြစ်ကြောင်း၊ ယင်းသင်ခန်းစာများအရ ပစ္စုပ္ပန်တွင် ကောင်းမွန်သည့်ပတ်ဝန်းကျင်များ ဖန်တီးကြရန် လိုအပ်သကဲ့သို့ အနာဂတ်အတွက် အကျိုးရှိစေရန် စီမံဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ သင်ခန်းစာများကိုယူ၍ ပြည်သူများအား အကျိုးပြုမည့် အခြေခံဥပဒေဖြစ်စေရန် သတိကြီးစွာထား၍ ရေးဆွဲကြရပါကြောင်း။

အခြေခံဥပဒေတစ်ရပ်သည် ယင်းအခြေခံဥပဒေကို ပြန်၍ပျက်စီးစေမည့် အချက်အလက်များမပါရှိရန်လည်း အထူးအရေးကြီးလှပါကြောင်း၊ အခြေခံဥပဒေကောင်းတစ်ရပ်ဖြစ်ပေါ်လာရန်မှာ လွယ်ကူသည့်လုပ်ငန်းမဟုတ်ကြောင်း၊ အခြေခံဥပဒေကို လူသားများက ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ လုပ်ဆောင်ချက်မှန်သမျှသည် ပြီးပြည့်စုံသည်ဟူ၍ မရှိနိုင်ပါကြောင်း၊ လူသားများဖြစ်ကြသည့်အလျောက် အတွေးအခေါ်အမျိုးမျိုး၊ အလုပ်အကိုင်အမျိုးမျိုးနှင့် လူနေမှုအမျိုးမျိုးရှိနေကြမည်ဖြစ်ပါကြောင်း၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့တာဝန်များကိုလည်း လူသားများပင် ထမ်းရွက်ဖော်ဆောင်ကြမည်ဖြစ်ပါကြောင်း၊ ၎င်းပုဂ္ဂိုလ်များအနေဖြင့် စိတ်ကောင်း၊ စေတနာကောင်းများ ထားရှိကာ ရိုးသားဖြောင့်မှန်စွာ လုပ်ကိုင်ဖော်ဆောင်ကြရန် အထူးပင် လိုအပ်လှပါကြောင်း၊ ထို့အတူ တိုင်းသူပြည်သားများကလည်း အခြေခံဥပဒေကို လေးစားကြရန်နှင့် လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေအနေပေးသည်နှင့်အမျှ အစဉ်ရှင်သန်နေမည်ဖြစ်ပြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်အခါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို တိတိကျကျနှင့် ရှင်းရှင်းလင်းလင်းဖော်ပြပါရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ရှုလေ့လာသည့်အခါတွင် နိုင်ငံသားဖြစ်ရန်အတွက် မည်သည့်အချက်အလက်များလိုသည်၊ နိုင်ငံသားတွေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများသည် ဘာများဖြစ်သည်၊ ထို့အပြင် မိမိတို့အနေနှင့် နိုင်ငံတော်အတွက် ဘယ်လိုတာဝန်များကို ထမ်းဆောင်ကြရန်လိုအပ်သည်ဆိုသည်များကို ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်ကြရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မူလအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းသည့်အခါတွင် အဓိကအားဖြင့် နိုင်ငံသားဖြစ်ရန်အတွက် လိုအပ်သည့်အရည်အချင်းများ၊ ဥပဒေအရာတွင်တန်းတူညီမျှမှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်းအခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့်၊ အဓမ္မစေခိုင်းခြင်းမှ ကင်းလွတ်ခွင့်၊ မိမိယုံကြည်နှစ်သက်သည့် ဘာသာ၊သာသနာကို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသောစာပေ၊ ပညာနှင့်ယဉ်ကျေးမှု စသည်တို့ကို လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံတော်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ချုပ်နှောင်စစ်ဆေးစီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့် အခွင့်အရေးများအတွက် အကာအကွယ်ရယူပိုင်ခွင့်စသည်တို့ ပါဝင်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် သမိုင်းမတင်မီခေတ်ကတည်းကပင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံးသည် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ခဲ့ကြသည်ဖြစ်ပါကြောင်း၊ ယင်းတိုင်းရင်းသားများသည် ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့နေထိုင်ကြရင်း တစ်နိုင်ငံလုံးနေရာဒေသအနှံ့ အတူတကွ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရောနှောလျက် အခြေချနေထိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများသည် သဘောသဘာဝအားဖြင့် တူညီသည့်ဝိသေသလက္ခဏာများရှိကြသကဲ့သို့ ကွဲပြားမှုလည်း ရှိကြပါကြောင်း။

မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူကျင့်သုံးကြသည့်အခါတွင် တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း စည်းလုံးညီညွတ်မှုမထိခိုက်မပျက်ပြားစေရအောင်နှင့် တိုင်းရင်းသားလူမျိုးနွယ်စုတစ်စု၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ အနုပညာ၊ စာပေတို့ကိုလည်း အခြားတိုင်းရင်းသားမျိုးနွယ်စုများက ထိပါးမှုမဖြစ်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါ

တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း စည်းလုံးညီညွတ်မှုမထိခိုက် မပျက်ပြားစေရအောင်နှင့် တိုင်းရင်းသားလူမျိုးနွယ်စုတစ်စု၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ အနုပညာ၊ စာပေတို့ကိုလည်း အခြားတိုင်းရင်းသားမျိုးနွယ်စုများက ထိပါးမှုမဖြစ်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်

ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် မူလအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားကာမျှနှင့် အသက်ဝင်လာသည်ဟု မဆိုနိုင်ကြောင်း၊ ယင်းအခွင့်အရေးများကို ပြည်သူများဘက်ကသိရှိနားလည်ကြပြီး မှန်မှန်ကန်ကန် ရယူသုံးစွဲကြခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက မိမိတို့ကိုပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ အကာအကွယ်ရယူတတ်ခြင်းများဖြင့် အသက်သွင်းပေးကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့မဟုတ်ဘဲ တရားလက်လွတ်အကြမ်းဖက်နည်းလမ်းများကို ကျင့်သုံးမည်ဆိုလျှင် မူလအခွင့်အရေးများ ဆုံးပါးပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်ပြည်သူများအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ရယူပိုင်ဆိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများကို တရားနည်းလမ်းကျနစွာ ရယူကျင့်သုံးတတ်ကြစေရန်အတွက်လည်းကောင်း၊ အုပ်ချုပ်သူ လူတန်းစားသည် အခွင့်ထူးခံ လူတန်းစားမဟုတ်ဘဲ အုပ်ချုပ်ခံပြည်သူလူထုအတွက် အလုပ်အကျွေးပြုရမည့် အဖွဲ့အစည်းသာဖြစ်ကြောင်းကို အုပ်ချုပ်သူများမှ အမြဲတမ်းခံယူကျင့်သုံးနေစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်က အခါအားလျော်စွာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများကို ထုတ်ပြန်ပေးပြီး လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါကြောင်း၊ နိုင်ငံအချို့တွင် အခြေခံဥပဒေအရ နိုင်ငံသားလက်မှတ်နှစ်မျိုးကိုင်စွဲခွင့်ပေးထားသလို တချို့နိုင်ငံများတွင် နိုင်ငံသားလက်မှတ် တစ်မျိုးတည်းသာ ကိုင်ဆောင်ခွင့်ပေးသည်ကိုလည်း တွေ့ရပါကြောင်း၊ မိမိ တို့နိုင်ငံတွင်လည်း ဤကဲ့သို့သော နိုင်ငံသားဖြစ်မှု (Citizen Ship)နှင့် ပတ်သက်၍ မြန်မာနိုင်ငံသားဥပဒေ ထုတ်ပြန်သည့်အခါတွင် ပီပီပြင်ပြင်ဖြစ်ရေးအတွက် သတ်သတ်မှတ်မှတ်ရေးသားထားရန် လိုအပ်မည်ဟု ယုံကြည်ယူဆပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှူထန် ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ထို့ကြောင့် "နိုင်ငံသားဖြစ်မှု"နှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံက ချမှတ်ထားပြီး ဖြစ်သည့် အခြေခံရမည့်မူကိုပင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ"အခန်းတွင် အသေးစိတ် အခြေခံရမည့် မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်တော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

'နိုင်ငံသားများ၏ မူလအခွင့်အရေးတွင် ပါရှိမည့် ညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်တို့ ခံစားခွင့်ရှိမည်'ဟု အခြေခံရမည့်မူအဖြစ် ချမှတ်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ 'ညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်များနှင့် လောကပါလတရားများ ဖြစ်ကြပါကြောင်း'၊ တစ်နည်းအားဖြင့်ဆိုရလျှင် ယင်းအင်္ဂါရပ်များသည် စစ်မှန်သည့် ဒီမိုကရေစီ အခွင့်အရေးများပင် ဖြစ်ပါကြောင်း၊ ယင်းအင်္ဂါရပ်များအနက် ဥပဒေအရာတွင် ညီမျှမှု အခွင့်အရေး ရှိစေရမည် (Equality before the Law) ဆိုသည့် အင်္ဂါရပ်ကို မိမိတို့အားလုံးက အလေးအနက် ခံယူထားကြသည်နှင့်အမျှ အုပ်ချုပ်သူများရော၊ အုပ်ချုပ်ခံရသူများပါ လိုက်နာစောင့်ထိန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်သူများဘက်က လျစ်လျူရှုပြီး အုပ်ချုပ်ခံရသူများဘက်ကချည်းလိုက်နာနေရုံမျှနှင့် အနှစ်သာရမပြည့်ဝ နိုင်ကြောင်း၊ အခြေခံဥပဒေ ဆိုသည်မှာ နိုင်ငံတော်၏ အသက်၊ နိုင်ငံတော်၏ သိက္ခာဖြစ်ပါကြောင်း၊ နိုင်ငံတော် အတွင်းရှိ ပြည်သူများ၏ တစ်ခုတည်းသောအားထားကိုးကွယ်ရာ မဏ္ဍိုင်ကြီးလည်း ဖြစ်ပါကြောင်း၊ အခြေခံ ဥပဒေကို ရေးဆွဲကြရာတွင် ရေးဆွဲကြသည့် တာဝန်ရှိသူများအနေနှင့် စိတ်ကောင်းစေတနာကောင်းများနှင့် အချိန်ကုန်ခံ ငွေကုန်ခံ လူပင်ပန်းခံပြီး ကြိုးကြိုးစားစား ရေးဆွဲခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ သို့သော် လက်တွေ့ ကျင့်သုံးကြသည့်အခါ၌ ပြည်သူများ၏ တရားသဖြင့် ဖြစ်သင့်သည့်၊ ရရှိသင့်သည့် အကျိုးစီးပွားများကို မကာကွယ်ပေးနိုင်သည့်အပြင် ကာကွယ်ပေးနိုင်သည့် စွမ်းအားများလည်း ပျက်ယွင်းချို့ယွင်းလာနိုင်ပါကြောင်း၊ အားကြီးသူက အားသေးသူကို၊ ကောက်ကျစ်သူက ရိုးသားသူကို၊ တတ်သိလိမ္မာပါးနပ်သူက အသိဉာဏ် နည်းပါးသူကို၊ အခွင့်အာဏာရှိသူက အခွင့်အာဏာမဲ့သူကို ဖိနှိပ်ချုပ်ချယ်ပြီး မတရားလုပ်၍ ရနေမည်ဆိုလျှင် ယင်းအခြေခံ ဥပဒေသည် အနှစ်သာရမရှိသည့် ဥပဒေပင်ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ယင်းထက်ပိုပြီး အရေးကြီးသည်မှာ အဘက်ဘက်က အကောင်းဆုံးပြင်ဆင် ပြီး ရေးဆွဲထားသည့် အခြေခံဥပဒေသည် အမြဲထာဝစဉ် တန်ခိုးထက်မြက်ပြီး အသက်ရှိနေရန် ဖြစ်ပါကြောင်း၊ ရေးဆွဲကြ၊ ပြဋ္ဌာန်းကြပြီးကာမှ ယင်းအခြေခံ ဥပဒေကို လူတစ်စုတစ်ဖွဲ့က အလေးမထားကျော်လွှားပြီး

အချပ်ပို (ခ) သို့

တိုင်းရင်းသားလူမျိုးနွယ်စုများ၏ စာပေယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းရန်နှင့် မြှင့်တင်ပေးရန်အထူးလိုအပ် လူတစ်မျိုးသည် သူ့ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား ပျောက်ကွယ်သွားမည်ဆိုပါက ယင်းလူမျိုးသည်လည်း ကြာရှည်ရပ်တည်နိုင်မည်မဟုတ်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန် မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းများအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် လူကို အမြတ်တနိုးတန်ဖိုးထားကြပါကြောင်း၊ လူ့ဘောင်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေဖို့ လောကပါလတရားများ ထွန်းကားစေရန်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်ထွန်းစေရန် စသည့် လောကရေးရာ အရာရာတိုင်းတွင် (လူ)သာလျှင် အဓိက ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့သမိုင်းတွင် ရှိခဲ့ဖူးသည့် လူကို ကျေးကျွန်ပြုခြင်းမျိုး ထပ်မံမပေါ်ပေါက်စေရန်အတွက် အားလုံးက ထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ယနေ့ခေတ်အခါအထိ အချို့နိုင်ငံများတွင် ဖြစ်ပေါ်နေဆဲဖြစ်သည့် လူကို ရောင်းကုန်သဖွယ်အသုံးပြုခြင်းများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားဆီးကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေအရ အပြစ်ဒဏ်ချမှတ်ခံရ၍ အလုပ်ဒဏ်ထမ်းဆောင်ပေးရခြင်းနှင့် နိုင်ငံတော်နှင့် အများပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းတို့ကလွဲပြီး လူကို အဓမ္မစေခိုင်းခြင်းများ မပြုကြကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ 'ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်း'တို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက်ပါ အချက်(၂)ချက်ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်အတွင်း နေထိုင်ကြသည့် ပြည်သူများ အများစုက ကိုးကွယ်သည့် ဘာသာ သာသနာတော်ဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကို ယုံကြည်ကိုးကွယ်ကြသည့်သူများလည်း ရှိကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း အများပြည်သူတွေအနေနှင့် မိမိတို့ယုံကြည်နှစ်သက်ကြသည့် ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိစေသင့်ပါကြောင်း၊ ယင်းသို့ မိမိတို့ယုံကြည်နှစ်သက်ကြသည့် ဘာသာ သာသနာကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုသည့်အခါတွင် နိုင်ငံတော်အကျိုးနှင့် အများပြည်သူများ၏ အကျိုးကို ရှေးရှုပြီး ဘာသာ သာသနာ ကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ အခြားလောကီရေးရာများနှင့် ရောထွေးမှု မရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံရေးကိစ္စအတွက် ဘာသာ သာသနာကို အလွဲသုံးစားမှုများပေါ်ပေါက်ခြင်း မရှိစေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့်ဖြစ်စေ၊ ဘာသာ သာသနာရေးကြောင့်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲမှုများမပေါ်ပေါက် စေရေးအတွက်လည်းကောင်း လိုအပ်သည့်တားမြစ်ချက်များ ပါရှိစေသင့်ပါကြောင်း။

ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများသည် နိုင်ငံသားများအတွက်သာမကဘဲ နိုင်ငံသားမဟုတ်သူများနှင့်လည်း အကျုံးဝင်စေသင့်ပါကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌လည်း ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသားများအပါအဝင် လူခပ်သိမ်း အကျုံးဝင်အောင် ပြဋ္ဌာန်းထားသည်ကို လေ့လာသိရှိရပါကြောင်း၊ အမျိုးသားညီလာခံက ဘာသာ သာသနာဆိုင်ရာ ကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူ(၇)ချက်ကိုလည်း ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် 'ဘာသာ၊ သာသနာဆိုင်ရာအခွင့်အရေး'များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအချက်(၇)ချက်သည် ကြောင်းကျိုး ဆီလျော်ပြည့်စုံမှုရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး မူလအခွင့်အရေးမှာပါဝင်သည့် 'ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများ'နှင့် စပ်လျဉ်း၍ တင်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ရှိပါကြောင်း၊ ယင်း တိုင်းရင်းသား မျိုးနွယ်စုများသည် တစ်စုနှင့်တစ်စု သဘာဝအားဖြင့် တူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများရှိကြသကဲ့သို့ မတူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများလည်း ရှိကြပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအများစုအနေနှင့် မြန်မာစကားနှင့် စာပေကို ပြောဆိုအသုံးပြုသော်လည်း အချို့သော တိုင်းရင်းသားလူမျိုးနွယ်စုများအနေနှင့် ကိုယ့်ဘာသာစကားနှင့် စာပေများလည်း ရှိကြပါကြောင်း။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်(၄)ရပ်ထဲတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုတာ ပါကြောင်း၊ မိမိတို့ထောက်ခံပါကြောင်း၊ လူဆိုတာ ကိုယ့်မျိုးရိုး၊ ကိုယ့်ဇာတိကို ကိုယ်ချစ်ကြပါကြောင်း၊ ယင်းမှာ သဘာဝတရားဖြစ်ပါကြောင်း၊ ကိုယ့်အမျိုးကို ကိုယ်ချစ်သည် အမှန်ပါ၊ ကိုယ့်လူမျိုးကို ချစ်သည်ဆိုခြင်းမှာ တခြားလူမျိုးကို မုန်းတီးသည်ဆိုသည့် အဓိပ္ပာယ် မသက်ရောက်နိုင်ဘူးဟု ယူဆပါကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်စေရန်အတွက် တိုင်းရင်းသားလူမျိုးနွယ်စုများ၏ စာပေ၊ ယဉ်ကျေးမှုများကို ဆက်လက်ထိန်းသိမ်းရန်နှင့် မြှင့်တင်ပေးရန် အထူးလိုအပ်လှပါကြောင်း၊ လူတစ်မျိုးသည် သူ့ယဉ်ကျေးမှု၊ သူ့စာပေ၊ သူ့ဘာသာစကား ပျောက်ကွယ်သွားမည်ဆိုပါက ယင်းလူမျိုးသည်လဲ ကြာရှည်ရပ်တည်နိုင်မည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီအခြေခံဖြစ်သည့် 'အများစုအုပ်ချုပ်ရေးနှင့် လူနည်းစုအခွင့်အရေးကို ကာကွယ်ပေးခြင်း'ဆိုသည့် အနှစ်သာရနှင့်အညီ တိုင်းရင်းသားလူနည်းစုများ၏

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ရှေးခေတ်မြို့ဟောင်းများကို ဖော်ထုတ်ထိန်းသိမ်းနေသည်ကို တွေ့ရ၍ ဝမ်းသာကြည်နူးမိပါကြောင်း၊ မြန်မာစာအဖွဲ့ ဖွဲ့ပြီး မြန်မာစာကို ထိန်းသိမ်းဆောင်ရွက်နေသည်ကိုလည်း အားရဝမ်းသာကြည်နူး ဂုဏ်ယူနေရပါကြောင်း၊ သို့သော် အချို့ အချို့သော တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မိမိတို့၏စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင် ငွေကြေးမလုံလောက်၊ မပြည့်စုံ၍ အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေကြရပါကြောင်း၊ စားဝတ်နေရေးပြေလည်အောင် အနိုင်နိုင်ရုန်းကန်နေရသည့်အချိန်မှာ စာပေနှင့် ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းထားရန် အခက်အခဲများနှင့် ကြုံတွေ့နေကြရပါကြောင်း၊ စာပေနှင့်ယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါကြောင်း၊ စာပေနှင့်ယဉ်ကျေးမှု မထိန်းသိမ်းနိုင်၍ လူမျိုးပါ ကွယ်ပျောက်သွားသည့် အဖြစ်အပျက်များရှိကြောင်း ကမ္ဘာတွင် သာဓကများစွာ ရှိပါကြောင်း၊ သို့ဖြစ်၍ အချို့ တိုင်းရင်းသားလူမျိုးနွယ်စုများ၏ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းနိုင်ရေး၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်စေရေးတို့အတွက် နိုင်ငံတော်က ငွေကြေးများထောက်ပံ့ပေးခြင်း၊ လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ယခုအခါ ယဉ်ကျေးမှုတက္ကသိုလ်ကြီးလည်း ဖွင့်လှစ်ပြီးဖြစ်ရာ

အချပ်ပို (ဂ) သို့

အချပ်ပို (က) မှ

လုပ်ချင်တာလုပ်၍ ရနေမည်ဆိုလျှင် ယင်းအခြေခံဥပဒေသည် တစ်မျိုးသားလုံးအတွက် အဓိပ္ပာယ်မဲ့ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်သူများအတွက်လည်း ကြိုးစားဆောင်ရွက်ခဲ့ကြသမျှ အချည်းနှီးအလဟဿဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည့်နေရာတွင် အရေးကြီးသကဲ့သို့ ရေးဆွဲပြဋ္ဌာန်းပြီးသည့် အခြေခံဥပဒေသည်လည်း အချိန်မရွေး၊ နေရာဒေသမရွေး၊ လူပုဂ္ဂိုလ်မရွေး၊ ကျိုးကြောင်းပြချက်မရွေး အခြေအနေ အချိန်ကာလတိုင်းတွင် ထာဝစဉ်တန်ခိုးထက်မြက်ပြီး အသက်ရှင်နေရန် အလွန်တရာ အရေးကြီးလှပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထာဝစဉ် ရှင်သန်နိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်တကွ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များကို သီးသီးသန့်သန့်တိတိကျကျ ပြဋ္ဌာန်းထားရှိပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

“ညီမျှမှုအခွင့်အရေးများ”များနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ချမှတ်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးမူအရ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ကူးလူးဆက်ဆံလုပ်ကိုင်နေကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များမှ မိမိနိုင်ငံတွင် လာရောက် လုပ်ကိုင်ကြသည့်နည်းတူ မိမိနိုင်ငံကလည်း နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင်ကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားတွင် တရားဝင်သွားရောက်လုပ်ကိုင်သည့်အတွက် နိုင်ငံတော်မှ သတ်မှတ်သည့် အခွန်၊ အခများ နိုင်ငံတော်သို့ ပေးဆောင်ကြရပါကြောင်း၊ နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေများရရှိတာအမှန် ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင်ကျန်ခဲ့သည့် မိသားစုများထံသို့လည်း ငွေများပြန်လည်ပို့ပေးနိုင်သဖြင့် ပြည်တွင်း လည့်လည်သုံးစွဲမှုအပိုင်းတွင်လည်း တိုးတက်လာပါကြောင်း၊ သို့ဖြစ်သည်နှင့် အားလျော်စွာ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေကြသော မိမိနိုင်ငံသားများအား နိုင်ငံတော်ကဥပဒေနှင့် အကာအကွယ်ပေးသင့်ပါကြောင်း၊ တချို့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့်လည်းကောင်း၊ စစ်ဘက်ရေးရာအခြေအနေ တစ်ခုခုကြောင့်သော်လည်းကောင်း၊ မိမိတို့နိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် လိုအပ်လာလျှင် သက်ဆိုင်ရာနိုင်ငံများမှလည်း ပြန်လည်ခေါ်ဆောင်ပေးနေသည်ကိုလည်း ကြားသိမြင်တွေ့နေရပါကြောင်း၊ မိမိတို့နိုင်ငံအနေနှင့်လည်း စီမံဆောင်ရွက်ပေးသင့်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျန်နေခဲ့သည့် မိမိတို့ နိုင်ငံသားများအားလည်း ဥပဒေနှင့်အညီ နိုင်ငံတော်က ကူညီထောက်ပံ့ပေးသင့်ပါကြောင်း၊ အဆိုပါကိစ္စအတွက် နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များတွင် တိတိကျကျပြဋ္ဌာန်း ထည့်သွင်းပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

“နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေးရှိစေရေး”နှင့် စပ်လျဉ်းသည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အချက်(၆)ချက်သည် အမှန်တကယ် ရှိသင့်ရှိထိုက်သည့်အချက်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများ၏ မူလအခွင့်အရေးတွင် ပါရှိမည့် “ညီမျှမှုအခွင့်အရေး”နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေးမှာပါရှိမည့် “လွတ်လပ်မှုအခွင့်အရေး”များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးကြမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဖော်ဆောင်ကျင့်သုံးသည့်အခါမှ ဒီမိုကရေစီကျင့်စဉ်များအနက် လွတ်လပ်စွာ တွေးကြံနိုင်ခွင့်၊ လွတ်လပ်စွာ ယုံကြည်နိုင်ခွင့်၊ လွတ်လပ်စွာ ဖွင့်ဟပြောဆိုရေးသားနိုင်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်စသည်ဖြင့် ပါဝင်ကြမည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုလျှင် လွတ်လပ်မှုအခွင့်အရေးတစ်ရပ်ဖြစ်သော လွတ်လပ်စွာဖော်ထုတ်ရေးသား ပြောဆိုခွင့်ရှိရန်ဆိုသည့်မူသည် အနာဂတ်ဒီမိုကရေစီနိုင်ငံသစ်အဖို့ အလွန်အရေးကြီးလှပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီးသုံးရပ်အပြင် စတုတ္ထမဏ္ဍိုင်အဖြစ် စာနယ်ဇင်းလွတ်လပ်ခွင့်ကိုလည်း ပေးထားကြပါကြောင်း၊ ဒီမိုကရေစီကိုအလွန်အကျွံ အသုံးချပြီး စည်းကမ်းမဲ့၊ တာဝန်မဲ့ပြောခြင်း၊ ရေးခြင်းများကို တားဆီးရမည်ဖြစ်ပါကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင် မမှန်တရားများ၊ အမှားတရားများ မပေါ်ပေါက်စေရန်အတွက် လည်းကောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် လည်းကောင်း ပြောသင့်ပြောထိုက်သည့် ကိစ္စရပ်များ ရေးသားထုတ်ဖော်တင်ပြသင့်သည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ခံစားခွင့်သာ မရရှိခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ “လွတ်လပ်မှုအခွင့်အရေး”ကိုလည်း အပြည့်အဝ ခံစားနိုင်ကြမည် မဟုတ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံများတွင် မီဒီယာများကို လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ပြုကြသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်တွင် လက်ရှိ ဖြစ်ပေါ်နေသည့် ကိစ္စများ (တိုးတက်အောင်မြင်ခြင်းများရော ဆုတ်ယုတ်ရှုံးနိမ့်ခြင်းများပါ မကောင်းခြင်းများရော၊ ကောင်းခြင်းများပါ) ပြည်သူတို့သိရှိသင့်သမျှ သိရှိနိုင်ရန်ဖွင့်ပေးရမည်ဖြစ်ကြောင်း၊ အမှန်ကို အမှန်အတိုင်းသာ သိခွင့်ရလျှင် ကောလာဟလဆိုခြင်းလည်း ပေါ်လာစရာမရှိပါကြောင်း၊ ကုန်ဈေးနှုန်းသတင်းမှန်ကို သိပါမှ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိလာမည်။ အုပ်ချုပ်ရေးသတင်းအမှန်ကို သိပါမှ ပြည်သူဘဝတည်ငြိမ်အေးချမ်းသာယာလာမည်။ စီးပွားရေးဆိုင်ရာ သတင်းအမှန်ကို သိခွင့်ရလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်အတွက် ကြိုးစားဆောင်ရွက်လာနိုင်ကြမည် ဖြစ်ပါကြောင်း၊ IT နည်းပညာများ လျင်မြန်စွာ တိုးတက် ဖြစ်ထွန်းလာနေသည့် ယနေ့ခေတ်ကာလတွင် ပြည်တွင်း မီဒီယာများကို ထိန်းချုပ်မှုလွန်ကဲလွန်းလျှင် ပြည်သူများအနေဖြင့် ပြင်ပ မီဒီယာများကိုသာ အာရုံစူးစိုက် စိတ်ဝင်စားလာပါလိမ့်မည်။ စိတ်ဝင်စားမှု များပြားလာသည်နှင့်အမျှ ပြင်ပမီဒီယာများက လွှမ်းမိုးနေရာယူလာမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံသစ်တွင် သင့်တော်သည့် ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ မီဒီယာလုပ်ငန်းများကို ခွင့်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးပါ “လွတ်လပ်မှုအခွင့်အရေး”နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်(၅)ချက်သည် ခေတ်ကာလအခြေအနေအရ ဆီလျော်မှုရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။ ။

(သတင်းစဉ်)

ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်

အချပ်ပို (ခ) မှ

ယင်းတက္ကသိုလ်၌ တိုင်းရင်းသားစာပေယဉ်ကျေးမှုများကိုလည်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ အဖြစ် ပြဋ္ဌာန်းပြီး မသင်မနေရ သင်ကြားစေသင့်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားအချင်းချင်း တန်းတူမှုကို ထိန်းသိမ်းရာကျမည်ဖြစ်ပြီး အပြန်အလှန် လေးစားယုံကြည်မှုများလည်း ရရှိလာနိုင်မည်ဖြစ်သည်ဟု ထင်မြင်ယူဆပါကြောင်း၊ တိုင်းရင်းသားလူမျိုးနွယ်စုများလည်း မြန်မာနိုင်ငံတည်သရွေ့ ရှင်သန်နေကြမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးနွယ်စုတိုင်းသည် မိမိတို့မြတ်နိုးသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာ ဖော်ထုတ်၊ ထိန်းသိမ်းခွင့် ရှိစေသင့်သကဲ့သို့ နိုင်ငံတော်ကလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အခါအားလျော်စွာ ထောက်ပံ့ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပညာရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်တွင် နိုင်ငံသားများကိုပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ သင်ကြားပိုင်ခွင့်များပေးသင့်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့်အခါတွင် နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများစာတတ်မြောက်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍လည်း လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဆက်သွယ်ရေးနည်းလမ်းများ၊ သင်ကြားရေးဆရာ၊ ဆရာမ ပြည့်စုံမှု၊ လျှပ်စစ်မီးရရှိမှု၊ ပြင်ပကျူရှင်များ ကောင်းကောင်းဖြစ်ထွန်းမှု စသည့် ဒေသများမှ ကျောင်းသူကျောင်းသားများသည် လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သင်ကြားရေး၊ ဆရာလုံလောက်မှုစသည့် အထက်ဖော်ပြပါ အချက်အလက်များနှင့် မပြည့်စုံသည့်ဒေသများ၊ အထူးသဖြင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများက ကျောင်းသူကျောင်းသားများထက် သာလွန်နေသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ သဘာဝကျပါကြောင်း၊ သို့သော် တိုင်းပြည်အတွက် ကောင်းသည့် အဖြေဖြစ်မလာနိုင်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်တွင် အခုလိုကွာဟမှုမျိုး မဖြစ်ပေါ်စေရန်နှင့် ကွာဟမှုများ နည်းနိုင်သမျှ နည်းပါးစေရန်အတွက် နိုင်ငံတော်က လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် 'ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ အခွင့်အရေးများ'နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အချက် (၃)ချက်သည် လျော်ကန်သင့်မြတ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ယခုအခါ လူဦးရေသန်း ၅၀ ကျော်ရှိနေပြီ ဖြစ်ပါကြောင်း၊ တစ်နေ့ထက်တစ်နေ့လည်း တိုးပွားလျက်ရှိနေပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့် အခါတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၌ နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် ပြည်သူများထံတွင် တည်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်သော လွှတ်တော်များကို ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး ပြည်သူ့ရေးရာများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကိုယ်စားလှယ် တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ဆန္ဒမဲပေးကြပြီး ရွေးကောက်တင်မြှောက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်သူများအတွက် မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ကျေပွန်မှုမရှိခဲ့လျှင် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိစေသင့်ပါကြောင်း၊ ပြည်သူများအနေနှင့် မိမိတို့ကိုယ်တိုင်လည်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် 'ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေး'နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အချက် (၂)ချက်အား အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါကြောင်း၊ နိုင်ငံရေးသည် မီးဖိုချောင်ကစသည်ဆိုသည့် စကားရပ်ရှိပါကြောင်း၊ နိုင်ငံရေးဒီမိုကရေစီနှင့် စီးပွားရေးဒီမိုကရေစီကို သီးခြားခွဲခြား၍ မရပါကြောင်း၊ စီးပွားရေးဒီမိုကရေစီမပါသော နိုင်ငံရေးဒီမိုကရေစီသည် မပြည့်စုံ၊ နိုင်ငံရေးဒီမိုကရေစီမပါလျှင် စီးပွားရေးဒီမိုကရေစီလည်း မဖြစ်နိုင်ဟုလည်း ပြောစမှတ်ပြုကြခြင်းရှိပါကြောင်း၊ မိမိတို့နိုင်ငံမှာ ကျင့်သုံးမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်းကို အခြေခံရမည့်မူအဖြစ်ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ပြည်သူပြည်သားများ၏ စားဝတ်နေရေးနှင့် စီးပွားရေး ချောင်လည်စေရန်အတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက်လည်းကောင်း၊ အမြတ်အစွန်းများစွာ ရရှိရေးထက် အချို့အချို့သော လုပ်ငန်းများ၊ အထူးသဖြင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာစိုက်ပျိုးရေးကိရိယာပစ္စည်းများ ဖြန့်ဖြူးရေး၊ အဓိကကျသည့် စက်သုံးဆီဖြန့်ဖြူးရေး စသည်တို့တွင် နိုင်ငံတော်က အရှုံးခံ၍ ရောင်းချဖြန့်ဖြူးပေးသင့်ပါကြောင်း၊ လိုအပ်ပါက အရှုံးခံ၍ ရောင်းချပေးနိုင်ရေး အတွက် ဥပဒေများထုတ်ပြန်ပြီး ပြည်သူများအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း။

ထို့ပြင် ပြည်တွင်းစားသောက်ကုန် ဝယ်ယူဖြန့်ဖြူးရေးအပိုင်းတွင်လည်း ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပေးသင့်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှု စီးပွားရေးစနစ် (သို့မဟုတ်) အမိန့်ပေးစီးပွားရေးစနစ် ကာလအတွင်းကကဲ့သို့ ပိတ်ဆို့ရှာဖွေ၊ ဟန့်တားခြင်းမျိုး (လုံးဝ)မပြုလုပ်သင့်တော့ပါကြောင်း၊ ရှာဖွေရေး(ဂိတ်များ)ထားပြီး ရှာဖွေဟန့်တားခြင်းသည် ပြည်တွင်းကုန်စည်စီးဆင်းခြင်းကိုသာ ရပ်တန့်စေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကိုသာ ပို၍မြင့်တက်လာစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် အတွက်မှု ထိရောက်သော အကျိုးကျေးဇူးများ ရရှိနိုင်မှာ မဟုတ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပြီး နိုင်ငံတော်က စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

သမဝါယမလုပ်ငန်းများနှင့်ပတ်သက်၍ ယနေ့အထိ ပြည်တွင်းပြည်ပ မည်သည့်အရောင်းအဝယ်လုပ်ငန်းများတွင်မှ ပေါက်ပေါက်ရောက်ရောက် ရှိသည်ကို မတွေ့မြင်ရသေးပါကြောင်း၊ သို့ဖြစ်ရခြင်းသည်လည်း မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ စိတ်နေသဘောထားနှင့် အံမဝင်သေးခြင်းကြောင့်ဖြစ်သည်ဟု ယူဆမိပါကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်နိုင်ငံတော်သစ်တွင် ပြည်သူများနှင့် အံဝင်ခွင်ကျဖြစ်စေသည့် နည်းလမ်းများကို ရှာကြံတွေးဆပြီး သမဝါယမလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖွဲ့စည်းတည်ထောင် ဆောင်ရွက် စေသင့်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးပြီး ဦးဆောင်မှုပေးသင့်ပါကြောင်း။

နိုင်ငံတော်က အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီဆောင်ရွက်သည့်နေရာတွင် ကုန်ထုတ်လုပ်ငန်းမြှင့်တင်ရေး၊ နိုင်ငံခြားကုန်ချော ပို့ကုန်မြှင့်တင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် လိုအပ်မည့် နည်းပညာများရရှိစေရန် ပြည်တွင်းပြည်ပမှ ရှာဖွေငှားရမ်း အသုံးပြုနိုင်ရန် စီစဉ်ပေးသင့်ပါကြောင်း၊ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်တွင်း အရင်းအနှီးရှာဖွေစုဆောင်းမှု၊ ပြည်ပနိုင်ငံများနှင့် အပြန်အလှန် ရောင်းဝယ်ဖောက်ကားမှု၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို နိုင်ငံတော်က ဥပဒေနှင့်အညီ စီမံဆောင်ရွက်စေသင့်ပါကြောင်း၊ ထို့ပြင် ဥပဒေနှင့်မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများ ဆောင်ရွက်သည့်အခါမှာ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသင့်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင် ချမ်းသာကြွယ်ဝသူများ ပို၍ချမ်းသာကြွယ်ဝလာခြင်း၊ လူလတ်တန်းစားများ ထိခိုက်နစ်နာလာခြင်း၊ ဆင်းရဲသူများ ပို၍ဆင်းရဲလာခြင်းများ မဖြစ်ရလေအောင် ပြည်သူများ၏ ဝင်ငွေလွန်ကဲစွာ ကွာဟမှုနှင့် အလုပ်လက်မဲ့ လွန်ကဲမှုများကို နိုင်ငံတော်အစိုးရက လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပြီး မလွဲမသွေ ထိန်းသိမ်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ 'စီးပွားရေးဆိုင်ရာ အခွင့်အရေး'များနှင့်စပ်လျဉ်းသည့် အချက် (၃)ချက်အား အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏ စိတ်ချမ်းသာမှုနှင့် အကျိုးစီးပွားဖြစ်ရန် ခိုင်မာသည့် ငွေကြေးဆိုင်ရာပေါ်လစီရှိရန် လိုအပ်ပါကြောင်း၊ ငွေကြေးတန်ဖိုးဖောင်းပွမှု မဖြစ်စေရန်အတွက် ငွေကြေးအာမခံချက်များရှိရန် လိုအပ်ပါကြောင်း၊ အမျိုးသားညီလာခံက စီးပွားရေးနှင့်စပ်လျဉ်းသည့်အခြေခံမူ(၇)ချက်တွင် 'နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု'ဟူ၍ချမှတ်ခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ၎င်းအခြေခံမူကိုပင် 'စီးပွားရေးဆိုင်ရာအခွင့်အရေးများ' အခန်းသို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖြည့်စွက် ဖော်ပြပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စီးပွားရေးဒီမိုကရေစီမပါသော နိုင်ငံရေးဒီမိုကရေစီသည် မပြည့်စုံ နိုင်ငံရေးဒီမိုကရေစီမပါလျှင် စီးပွားရေးဒီမိုကရေစီလည်း မဖြစ်နိုင်

ထို့ကြောင့် 'စီးပွားရေးဆိုင်ရာအခွင့်အရေးများ' နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု၊ တစ်စုံတစ်ယောက်သည် ရာဇဝတ်ပြစ်မှုတစ်ခုခုကို ကျူးလွန်မိခဲ့လျှင် ထိုသူပြစ်မှုကျူးလွန်ချိန်က တည်ဆဲဖြစ်သည့် သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်စေသင့်ပါကြောင်း၊ ယင်းသို့ပြစ်မှုထင်ရှားစီရင်သည့်အခါ ချမှတ်သည့် ပြစ်ဒဏ်သည်လည်း သူကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်သက်ဆိုင်ပြီး ဥပဒေအရ ချမှတ်သင့်သည့် ပြစ်ဒဏ်ထက် ကြီးလေးသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းမပြုသင့်ပါကြောင်း၊ ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ပြီး ထောင်ဒဏ်ကျခံရသည့်အခါတွင် ဥပဒေအရ ချမှတ်သော ပြစ်ဒဏ်ကိုသာ ကျခံရန်ဖြစ်ပါကြောင်း၊ ထာဝစဉ် မသန်မစွမ်းဖြစ်အောင် ရိုက်နှက်နှိပ်စက်ညှဉ်းပန်းခြင်း၊ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ခေါင်းမဖော်ဝံ့အောင် ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုခြင်း၊ လူမဆန်စွာ ပြုမူဆက်ဆံခြင်းမျိုး မရှိရလေအောင် နိုင်ငံတော်က ဥပဒေအရ ကာကွယ်ပေးသင့်ပါကြောင်း၊ ခံရသူဘက်မှ တင်ပြလာခဲ့လျှင်လည်း ဥပဒေစည်းကမ်း လိုက်နာစောင့်ထိန်းရေးအတွက် ဥပဒေချိုးဖောက်သူကို ကျောသားရင်သား မခွဲခြားဘဲ အရေးယူအပြစ်ပေးရန် လိုအပ်ပါကြောင်း၊ ပြစ်ဒဏ်ကျခံရခြင်းသည် ပြစ်ဒဏ်ကျခံရသူအတွက် နောက်နောင်တွင် ဥပဒေကို လေးစားလိုက်နာနိုင်အောင်၊ မချိုးဖောက်ရဲအောင် အပြစ်ပေးဆုံးမခြင်းမျိုးသာ ဖြစ်သင့်ပါကြောင်း၊ လူ့ဘဝကို ချိုးနှိမ်ခြင်းမျိုး မဖြစ်စေသင့်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သော အခြေခံမူများအရ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံရေးပါတီများလည်း ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများရှိလာသည်နှင့်အမျှ ဝါဒသဘောထားအပိုင်းတွင် မတူခြားနား ကွဲပြားမှုများရှိလာနိုင်ပါကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ဆောင်ရွက်ကြသည့်နေရာတွင် ဝါဒချင်းမတူ၍၊ အမြင်ချင်းမတူ၍ အတိုက်အခံ ပြောဆိုရမှုများလည်း မလွဲဧကန်ပေါ်ပေါက်လာမည်လည်း ဖြစ်ပါကြောင်း၊ ယင်းသို့အတိုက်အခံ ပြောဆိုမှုများအတွက် ယာယီထိန်းသိမ်းခြင်းမျိုးလည်း ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပါကြောင်း၊ သို့သော် နိုင်ငံရေး အမြင်ချင်းမတူသူများကို ထိန်းသိမ်းထားသည့်နေရာတွင် ထောင်ကျရာဇဝတ်သားပုံစံမျိုး မထားသင့်ပါကြောင်း၊ မဆက်ဆံသင့်ပါကြောင်း၊ ထိန်းသိမ်းခံနိုင်ငံရေးအမြင်မတူသူများကို နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့် လက်ရှိဥပဒေများနှင့်အညီ ခံစားခွင့်များပေးထားသင့်ပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ ပြန်လည်၍ အရေးယူမှုများပြုလုပ်ပေးသင့်ပါကြောင်း၊ မိသားစုကို ဒုက္ခပေးခြင်းမျိုး မဖြစ်စေသင့်ပါကြောင်း၊ မိသားစုစီးပွားရေး၊ စားဝတ်နေရေးမှအစ အသက်မွေးဝမ်းကျောင်းပြုရေးအဆုံး နာလန်မထူနိုင်အောင် နည်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ခြင်းမျိုးလည်း မပြုလုပ်သင့်ပါကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင် အမြင်မတူသူများအပေါ် အာဃာတထားပြီး နှိပ်စက်ညှဉ်းပန်းခြင်းမျိုး မပေါ်ပေါက်စေရန်အတွက် နောက်နောင် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဥပဒေများ ရေးဆွဲရာတွင် အလေးအနက် စဉ်းစားပြီး ထည့်သွင်းပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် 'ပြစ်မှုဆိုင်ရာအခွင့်အရေးများ'နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ကြောင်းကျိုးဆီလျော်မှုရှိပါသဖြင့် ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် မူလအခွင့်အရေးများကို ထိပါးကျူးကျော်ခြင်း၊ တစ်နည်းတစ်ဖုံ ပျက်ပြားအောင်ပြုခြင်းများဟာ သာမန်အားဖြင့် ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ရာ ကျရောက်တတ်သည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ အရေးယူခွင့်ရှိပါကြောင်း၊ သို့သော် ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူရုံမျှနှင့် ဖုလုံမှုမရှိသည့် မူလအခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးမှုရှိလာသည့်အခါများတွင် ထိပါးခံရသူအနေနှင့် မိမိ၏ နစ်နာဆုံးရှုံးမှုများကို မြန်မြန်နှင့်ထိထိရောက်ရောက် အကာအကွယ်ရယူနိုင်ရန်နှင့် ယင်းနစ်နာချက်များကို ကုစားပေးနိုင်ရန် အာဏာပိုင်တစ်ရပ်ရှိရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြသည့် နိုင်ငံအများအပြားတွင် ယခုကဲ့သို့သောကိစ္စများအတွက် ဆောင်ရွက်ပေးရမည့် အခွင့်အာဏာပိုင်အဖြစ် တရားရေးတွင် အချက်အချာမဏ္ဍိုင်ဖြစ်သည့် တရားလွှတ်တော်ချုပ်(SUPREME COURT)ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့် အာဏာအပ်နှင်းထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

အချပ်ပို (ဃ) သို့

27-1 (C).p65 1 3/28/1905, 10:43 PM

နိုင်ငံသားတိုင်း ပါဝင်ကြိုးပမ်းရယူခဲ့သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်အတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိ

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၅ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့၏စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းအနက် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ ဦးထွန်းကျော်ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းတစ်ခန်းအဖြစ်ပါဝင်မည့် "တပ်မတော်အခန်း"အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြလိုပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတစ်လျှောက်လုံးတွင်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက်လုံးတွင်လည်းကောင်း အနိုင်မခံအရှုံးမပေးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ဆုံးရှုံးသည့်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါကြောင်း၊ ယင်းသို့ နိုင်ငံသားတိုင်းပါဝင် ကြိုးပမ်းရယူခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါကြောင်း၊ ယင်းသို့ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရခြင်းသည် မွန်မြတ်ဂုဏ်ယူဖွယ်ရာတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်သည့် အားလျော်စွာ အမျိုးသားညီလာခံက "နိုင်ငံသား"တိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိမည်၊ "နိုင်ငံသား"တိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန် တာဝန်ရှိမည် စသည့် အခြေခံမူများကို ချမှတ်ခဲ့ကြပြီး ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတော်ကြီး၏လုံခြုံရေးနှင့်ကာကွယ်ရေးအတွက်အထက်ဖော်ပြပါ အခြေခံမူ(နှစ်)ချက်သည် မလွဲမသွေလိုအပ်သည့် (အဓိက)အချက်များ ဖြစ်ကြပါကြောင်း၊ ပထဝီအနေအထားအရ မိမိတို့နိုင်ငံသည် အင်အားကြီး နှစ်နိုင်ငံကြားတွင် တည်ရှိနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် တပ်မတော်တစ်ခုတည်းသာ တာဝန်ရှိတာမျိုး မဖြစ်စေသင့်ပါ၊ နိုင်ငံသားတိုင်းပါ ပါဝင်တာဝန်ယူစေသင့်ပါကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ပြီးတဲ့နောက်မှ နိုင်ငံတစ်ဝန်းလုံးမှာရှိသည့် တိုင်းရင်းသားပြည်သူများသည် နိုင်ငံရေးအသိနိုးကြားလာပြီး တော်လှန်ရေးအဆင့်ဆင့်နှင့် နယ်ချဲ့ကိုတော်လှန်ခဲ့ကြပါကြောင်း၊ ယင်းသို့ တော်လှန်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများကြားက တပ်မတော် ပေါက်ဖွားလာခဲ့ရခြင်းပါ။ တစ်နည်းအားဖြင့် တိုင်းရင်းသားပြည်သူများကြားက ပေါက်ဖွားခဲ့သည့် တပ်မတော်ဖြစ်ပါကြောင်း။

နယ်ချဲ့ကို တော်လှန်ခဲ့ကြစဉ်က တိုင်းရင်းသားပြည်သူများထဲက အကူအညီပေးခဲ့သည့် သက်ကြီးရွယ်အိုများ၊ ရိက္ခာပို့ပေးသည့် အမျိုးသမီးများ၊ ကင်းထောက်ပေးခဲ့သည့် ကလေးများ အများကြီးရှိခဲ့ပါကြောင်း၊ သူတို့သည် လက်နက်ကိုင်တော်လှန်ရေးသမားများနှင့်အတူ ပူးပေါင်းကူညီခဲ့ကြတာပါ။ သူတို့သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ဆောင်ရွက်ခဲ့ကြရာတွင် လခလည်းမရ၊ လူလည်းမသိ၊ မှတ်တမ်းတင်လည်း မခံရသည့်အပြင်၊ ဘွဲ့ထူးဂုဏ်ထူးများရသူလည်း ရှားမှရှား ဖြစ်ပါကြောင်း၊ ယင်းအညတြ တိုင်းရင်းသား

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ပြည်သူများကို မိမိတို့ မမေ့သင့်ပါကြောင်း၊ နောင်အချိန်များတွင်လည်း ယင်းအညတြများရှိနေဦးမည်ပါ။ အရေးကြုံလာလျှင် တိုင်းချစ်ပြည်ချစ်စိတ်သည် ဖုံးကွယ်ထား၍ ရကြမည် မဟုတ်ပါ။ အကယ်၍ တိုင်းတစ်ပါးက နယ်ချဲ့လာမည်၊ ကျူးကျော်လာမည်ဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးအတွက်

တပ်မတော်သားတိုင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားကြသူများပီပီ နိုင်ငံတော်မှ ချမှတ်ထားသောဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အခြားဥပဒေများကို ပြည်သူပြည်သားများထက် ပို၍စောင့်ထိန်းလိုက်နာကြရမည်

တပ်မတော်တစ်ခုတည်းက တာဝန်ယူနေရသည်ထက် မိမိတို့ တိုင်းသူပြည်သားများကလဲ ကျရာတာဝန်ကို သစ္စာရှိရှိ ပါဝင်ထမ်းဆောင်ကြလိမ့်မည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ ဤနေရာတွင် သမိုင်းဖြစ်ရပ်မှန်တစ်ခုကို တင်ပြလိုပါကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က မိမိတို့ရှမ်းပြည်နယ်တောင်ပိုင်း ရှာင်မြို့နယ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဗဟိုကော်မတီဝင် သခင်သန်းထွန်းကို ဒေသခံပြည်သူများ၏ အကူအညီဖြင့် တပ်မတော်က ဖမ်းဆီးနိုင်ခဲ့သည့် ထင်ရှားသည့်ဖြစ်ရပ်တစ်ခုရှိခဲ့ပါကြောင်း၊ ဒေသခံပြည်သူများက တပ်မတော်နှင့်သာ အတူမပူးပေါင်းမပါဝင်ခဲ့လျှင် ဗကပ ဗဟိုကော်မတီဝင် တစ်ဦးကို ဟန့်တားဖမ်းဆီးနိုင်လိမ့်မည် မဟုတ်ပါကြောင်း၊ ထို့အတူ မိမိတို့ဒေသတွင်သာမကဘဲ ရှမ်းပြည်နယ် တရုတ်ဖြူစစ်ဆင်ရေးတွင်လည်းကောင်း၊ ရောဝတီတစ်တိုင်းလုံးအဖြူရောင်နယ်မြေဖြစ်သွားစေသည့် တာလပေါ စစ်ဆင်ရေးတွင်လည်းကောင်း၊ ကျန်အခြားအခြားသော နိုင်ငံအနှံ့နေရာဒေသ စစ်ဆင်ရေးများတွင်လည်းကောင်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်နှင့်အတူ ပူးပေါင်းဆင်နွှဲခဲ့သည့် သာဓကပေါင်း မြောက်မြားစွာ ရှိပါကြောင်း၊ တပ်မတော်နှင့် ပြည်သူ၊ ပြည်သူနှင့်တပ်မတော်တစ်သားတည်းဖြစ်နေရန် အထူးလိုအပ်လှပါကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင်အဓိကတာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်လည်း အဓိကတာဝန်ရှိသည့်နည်းတူ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များကိုလည်း လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တပ်မတော်အဖွဲ့အစည်းသည် လက်နက်ကိုင်အင်အားစုဖြစ်သည့်အတွက် ပြည်သူများလိုက်နာသည့် စည်းကမ်းဥပဒေမျှနှင့် မလုံလောက်ပါ။

ထူးခြားသော အခြေအနေ ပြဋ္ဌာန်းချက်များပါဝင်သည့် အထူးဥပဒေတစ်ရပ်ဖြင့် စည်းကမ်း ထိန်းသိမ်းရပါကြောင်း၊ နိုင်ငံတကာတွင် တပ်မတော်သားများအတွက် တပ်မတော်အက်ဥပဒေများ သီးခြားပြဋ္ဌာန်းထားကြသည်ကိုလည်းတွေ့မြင်ကြရပါကြောင်း။

တပ်မတော်သားတိုင်းသည် တပ်မတော်ထဲဝင်ရောက်အမှုထမ်းစဉ်ကတည်းက သစ္စာ (၄)ချက်ကို အဓိဋ္ဌာန်ပြုထားကြရသူများဖြစ်ပါကြောင်း၊ စစ်သည်တော်ကျင့်ဝတ် (၆၀)ကိုလည်းလိုက်နာစောင့်ထိန်းရသည့်အပြင် အရပ်ဘက် စည်းကမ်း၊ စည်းမျဉ်းဥပဒေများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များကိုပါ လိုက်နာကျင့်သုံးစောင့်ထိန်းကြရပါကြောင်း၊ တပ်မတော်သားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားကြသူများပီပီ နိုင်ငံတော်မှ ချမှတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အခြားဥပဒေများကိုပါ ပြည်သူ ပြည်သားများထက် ပို၍ စောင့်ထိန်းလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ စည်းကမ်းဥပဒေများကို သစ္စာရှိရှိ စောင့်ထိန်းလိုက်နာကြသည်နှင့်အမျှ နိုင်ငံတော်ကလည်း အစဉ်ရှင်သန်တိုးတက်တည်တံ့ ခိုင်မြဲနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ "တပ်မတော်အခန်း"နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်များသည် ခေတ်ကာလအခြေအနေအရ ဆီလျော်ညီညွတ်မှုရှိသည့်အတွက် ရှင်းလင်းပြောကြားချက်ပါ အချက်(၁၄)ချက်အား "တပ်မတော်အခန်း"အတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်သည့်အခါ ပါလီမန်အရင်းရှင်ခေတ်ကာလတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုလျှင်တစ်မျိုး မလိုလျှင်တစ်မျိုး အဓိပ္ပာယ်ဖွင့်ဆိုပြီး မိမိတို့အဖွဲ့အစည်းအတွက် အလွဲသုံးစားပြုခဲ့ခြင်းကြောင့် ဥပဒေသည် အသက်မရှိတော့သည့်အပြင် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တစ်ခါ တစ်ပါတီစနစ်ကို ပြောင်းလဲကျင့်သုံးပြန်လျှင်လည်း ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေကို တဖြည်းဖြည်းပစ်ပယ်ခဲ့ကြပြန်ပါကြောင်း၊ ယင်းသမိုင်းကာလအတွင်းတွင် ပြည်သူများသည် ဥပဒေပါအချက်အလက်များကို ထိထိရောက်ရောက်အားကိုးအားထား မပြုနိုင်သည့်အတွက် ဥပဒေဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးပြီး ဘယ်လောက်အထိ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ကြရသည်ကိုလည်း မေ့ပျောက်နိုင်ကြဦးမည်မဟုတ်ပါကြောင်း၊ အခြေခံဥပဒေကို လိုက်နာကျင့်သုံးသည့် နေရာတွင် သဘောတရားနှင့်လက်တွေ့ကို ဟန်ချက်ညီညီ ဆောင်ရွက်တတ်ရန်လည်း အရေးကြီးလှပါကြောင်း၊ သဘောတရားက မှန်ပြီး လက်တွေ့လုပ်ကိုင်ဆောင်ရွက်သည့် နေရာတွင် အံချော်နေလျှင် အလွဲလွဲအမှားမှား ဖြစ်လာမှာ သေချာပါကြောင်း၊ အောင်မြင်မှုဆိုသည်နှင့်လည်း အလှမ်းကွာဝေးသွားနိုင်ပါကြောင်း၊ ထို့ကြောင့် သဘောတရားနှင့်လက်တွေ့ကို အံဝင်ခွင်ကျဖြစ်အောင် အထူးဂရုစိုက်ကြရမည်ဖြစ်ကြောင်း။

ဥပဒေပြဋ္ဌာန်းပြီးသည့်နောက် နောင်အနာဂတ်ကာလတွင် ဥပဒေပါ ပြဋ္ဌာန်းချက်များကို–

- မိမိကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊
- မိမိပါတီအဖွဲ့အစည်း၊ အစုအဖွဲ့၊ လူတန်းစား၊ လူမျိုးအတွက် အလွဲသုံးစားပြုခြင်း၊
- တတ်သိလိမ္မာသူက ရိုးသားသူများအား ဥပဒေကို အလွဲသုံးစားပြု၍ အနိုင်ယူခြင်း၊
- ဥပဒေပါအချက်အလက်များကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ လိုအပ်သလို အလွဲသုံးစားပြုခြင်း၊
- ဥပဒေကို အကြောင်းအမျိုးမျိုးဖြင့် မလေးမစားပြုလုပ်ခြင်း၊
- ဥပဒေအကျိုးသက်ရောက်မှု အင်အားချည့်နဲ့အောင် အကြောင်းအမျိုးမျိုးဖြင့် ပြုမူဆောင်ရွက်ခြင်း

စသည်များ မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များ အသက်ရှင်၍ တန်ခိုးထက်မြက်မှု အစဉ်ရှိနေစေရန်အတွက်လည်းကောင်း အခြေခံဥပဒေအား ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းချက် ဖြင့် စနစ်တကျထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြရင်း မိမိတို့၏ အကြံပြုစာတမ်းကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

(သတင်းစဉ်)

အချပ်ပို (ဂ) မှ

လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့်အခွင့်အရေးများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် 'ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေးများ'နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြည့်စုံပြီးဖြစ်သည့်အတွက် ရှင်းလင်းပြောကြားချက်ပါ (၆)ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက 'နိုင်ငံသားများ၏ တာဝန်'နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ 'နိုင်ငံသားများ၏တာဝန်'နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်များသည် ပြည့်စုံပြီးဖြစ်ပါသဖြင့် ရှင်းလင်းပြောကြားချက်ပါ အချက်(၇)ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

'နိုင်ငံတော်' ဆိုသည့် စကားရပ်နှင့်စပ်လျဉ်းပြီး–

ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်ဟု အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။ **(သတင်းစဉ်)**